# မောင်ဝံသ

# ဝေါမြို့ကလာခဲ့တယ်



# မောင်ဝံသ

ဝေါမြို့ ကလာခဲ့တယ်

ဆရာကြီးဒေါက်တာလှဘော၏ 'ဝီရိယကို ထူ၊ ဉာဏ်နှင့်ချူ၊ ကံကဖေးမသူ' စာအုပ်တွင် 'မမေ့ရာအရပ်သုံးမျိုး'ကို ညွှန်းဆို ထားသည်။ ဆရာကြီးက 'မွေးရပ်မြေ၊ ပညာသင်ကြားရာအရပ်၊ ကြီးပွားရာအရပ်များ ကို မမေ့ရာ'ဟု ရေးသားခဲ့ပါသည်။

မမေ့ရာ အရပ်သုံးမျိုးတွင် ကျွန်တော့် အဖို့ ဝေါမြို့ နယ် မြစ်ကျိုးသည် မွေးရပ်မြေဖြစ်၏ ။ မွေးရပ်မြေကို မမေ့မလျော့ သတိရသောအားဖြင့် 'ဝေါမြို့ ကလာခဲ့တယ်'ဟူ၍ ဆောင်းပါးခေါင်းစဉ် ပေးထားပါသည်။ မွေးရပ်မြေ မြစ်ကျိုးမှ ထွက်ခွာပြီး ဝေါမြို့ ကလာခဲ့သော လူငယ်လေး တစ်ယောက်၊ ပဲခူးမြို့ နှင့် ရန်ကုန်တက္ကသိုလ်တွင် ပညာဆက်သင်၊ ရန်ကုန်မြို့ တွင် အခြေချနေထိုင်၊ စာရေးဆရာ၊ သတင်းစာဆရာအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့၊ တတ်အားသမျှပရဟိတလုပ်ခဲ့သည်။ သူဖြတ် သန်းခဲ့သော ဘဝအစိတ်အပိုင်းအချို့မှ အတွေ့အကြုံနှင့်ခံစားချက်အချို့ကို ဤခေါင်းစဉ်အောက် တွင် ရေးသားဖော်ပြသွားရန် ရည်ရွယ်ပါသည်။

ဒေါက်တာလှဘောက သူ၏ မွေးရပ်မြေ မွန်ပြည်နယ် ခရဲရွာတည်ရှိသော မြန်မာပြည်အတွက် ပညာပါရမီဖြည့်၊ ဇီဝိတဒါနပြုသည်။ ပညာရေးနှင့် ကျန်းမာရေးငွေပဒေသာပင်များ စိုက်ထူသည်။ အင်္ဂလန်ပြည်၊ လန်ဒန်တက္ကသိုလ်တွင် ပါမောက္ခအဆင့်သို့ တိုင်အောင် အမှု ထမ်းခဲ့သည်ဖြစ်၍ အင်္ဂလန်သည် ဆရာကြီး၏ ကြီးပွားရာအရပ်ဖြစ်၏ ။

"ကြီးပွားရာအရပ်ဖြစ်တဲ့ အင်္ဂလန်ပြည်ကိုတော့ မမေ့ပါဘူး။ ဒါပေမယ့် ချမ်းသာတဲ့ပြည် တစ်ပြည်ဆိုတော့ ပညာပါရမီ မဖြည့်လည်း မနစ်နာ သွားပါဘူး။ ဇီဝိတဒါနတစ်ခုတော့ ပြုပါရဲ့ ။ မုန်းတီးကြောက်စရာကောင်းတဲ့ ကင်ဆာရောဂါတိုက်ဖျက်ရေး ရန်ပုံငွေအတွက် ထည့်တယ်။ နောက်လည်း ထည့်ဖို့ရည်စူးထားပါသေးရဲ့ ။ ကျွန်တော့်အင်္ဂလိပ်မိတ်ဆွေ သုံးလေးယောက် ကျွန်တော့်

မျက်စိအောက်မှာ အသက်ပျောက်သွားတာ ခုထိ မြင်နေရတုန်းပါပဲ" ဟု ဆရာကြီးက ရေးသားသည်။

မကြာသေးမီ လပိုင်းအတွင်းက ကျွန်တော်သည် ဆရာကြီးတို့ မောင်နှံနှင့် နှစ်ကြိမ် ထမင်း လက်ဆုံစားပြီး စကားပြောခွင့်ကြုံခဲ့သည်။ ၂၀၁၀ခုနှစ် ဇွန်လထဲတွင် ကျွန်တော်အိမ်ပြန်ရောက်ပြီး ရက်ပိုင်းအတွင်း ပထမအကြိမ် ဆုံတွေ့သည်။ ဆရာကြီးတို့ ဇနီးမောင်နှံ အင်္ဂလန်သို့ နှစ်လနီးပါး အလည်မသွားမီ ရန်ကုန် ဗိုလ်ချုပ်လမ်း စင်ထရယ်ဟိုလ်တယ်တွင် တည်းခိုနေစဉ် ညစာစား ပွဲဖိတ်၍ ကျွန်တော်သွားရောက်ခဲ့ခြင်းဖြစ်သည်။ထို့နောက် ဩဂုတ်လလည်တွင် ပြန်ရောက်လာပြီး မော်လမြိုင်မပြန်မီ တစ်ကြိမ်ထပ်တွေ့ကြသည်။

ဆရာကြီးသည် ၈-၁-၁၉၁၃ တွင် မွေးဖွားခဲ့၍ ယခုအခါ အသက် ၈၉ နှစ်အတွင်းသို့ ရောက် နေပြီဖြစ်သည်။ ဆရာကြီးကတော် ဒေါ်သန်းမြက ၈၂ နှစ်။ ပညာရှင်အဘိုးအိုနှင့် အဘွားအိုမောင်နှံ ကို တစိမ့်စိမ့်ကြည့်ရင်း ကျွန်တော် ကြည်နူးပီတိဖြစ်မိသည်။ ဆရာကြီး လန်ဒန်တက္ကသိုလ်မှ အငြိမ်းစားယူပြီး မြန်မာပြည်ပြန်လာပြီး များ မကြာမီ အတွေးအမြင် စာစောင်တွင် ဆောင်းပါးများ ချီးမြှင့်ရန်တောင်းဆိုခဲ့ရာမှ အစပြု၍ ကျွန်တော်တို့ ခင်မင်ရင်းနှီးခဲ့ကြသည်။ ထိုစဉ်က ဆရာကြီးတို့ မောင်နှံ မော်လမြိုင်မှ ရန်ကုန်သို့ လာတိုင်း ကမ်းနားလမ်း စင်ထရယ်ဟိုလ်တယ်တွင် တည်းခိုသည်။ ကျွန်တော်အပါအဝင် ရင်းနှီးသော မိတ်ဆွေသင်္ဂဟများ ကို မကြာ မကြာ ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ ကျွန်တော်ကလည်း နီးစပ်ရာ စာရေးဆရာမျာ း နှင့် ဆရာကြီးတို့မောင်နှံကို မိတ်ဆုံ စကားဝိုင်းများ စီစဉ်ပေးပြီး ဧည့်ဝတ်ပြုခဲ့ပါသည်။ စာပေသမားများ နှင့် ဆုံတွေ့ရလျှင် မမောနိုင် မပန်းနိုင် ပြောဆိုဆွေးနွေးလေ့ရှိသော ထိုစဉ်က အသက် ၇၀ ကျော် ဒေါက်တာလှဘေသည် ယခု အသက် ၉၀ နီးပါးအရွယ်၌ အတော်စကားနည်းသွားလေပြီ။ ဆောင်းပါးတွေဆက်ရေးပြီး ချီးမြှင့်ပါဦးဟု ပြောသောအခါ 'ဉာဏ်မရှိတော့ဘူး'ဟု ဦးခေါင်းကို လက်ညှိုးထိုးပြ၍ ပြောသည်။ စကားပြောနေရင်း မကြာခဏ

မေ့မေ့လျော့လျော့ဖြစ်နေတတ်သေးသည်။ ဇရာ၏ လက္ခဏာ၊ ဇရာ၏ သဘောကို ဆရာကြီးက လက်တွေ့တရားပြ၍ နေလေသည်။

ကျွန်တော်သည် တက္ကသိုလ်ပရိဂုဏ်ထဲဘဝကို နှစ်မြှုပ်ထားသော ပညာရှင်တစ်ယောက်ဖြစ် လာရန် တစ်ကြိမ်တစ်ခါတုန်းက ဘဝရည်မှန်းချက် ထားရှိခဲ့ဖူးပါသည်။ လက်တွေ့တွင် တက္ကသိုလ်ပရိဂုဏ်ထဲက ပညာရှင်တစ်ယောက်ဘဝကို မရရှိခဲ့သော်လည်း ဆရာကြီး ဒေါက်တာ လှဘေတို့လို စာပေပညာရှင်များ ၊ ဒေါက်တာ သန်းထွန်းတို့လို သမိုင်းပညာရှင်များ နှင့် ကြုံဆုံရသောအခါတိုင်း ကျွန်တော်၏ တစ်ခါတုန်းက နွေအိပ်မက်များ ကို သတိရမိပါသည်။

'ကြီးလာရင် ဘာလုပ်မယ်' ဟူ၍ အိပ်မက်လုလုကလေးများ မက်တတ်သော လူငယ်ဘဝ တုန်းက စိတ်ကူးများ ကို ပြန်ဖော်ကြည့်သောအခါ 'စာရေးဆရာ၊ သတင်းစာဆရာလုပ်မယ်'၊ 'အများ အကျိုး ပရဟိတလုပ်မယ်' စသည်ဖြင့် မျှော်မှန်းတမ်းတခဲ့သည်မှာ သေချာသည်။ ထိုမျှော် မှန်းချက်များ နောက်နားက အတော်နီးနီးကပ်ပြီး လိုက်ခဲ့ဖူးသည်မှာ 'တက္ကသိုလ်ကျောင်းဆရာ ပညာရှင်ဘဝ' ဖြစ်ပါသည်။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ် ကျောင်းတက်ခဲ့စဉ်က Campus ဟုခေါ်သော တက္ကသိုလ် နယ်မြေထဲတွင် ဆရာများ နေထိုင်သည့် ခြံနှင့်ဝင်းနှင့် အိမ်များ ရှိရာ ခင်မင်ရင်းနှီးသော ဆရာများ ထံသို့ သွားရောက်ဂါရဝပြုဖူးသည်။ အေးချမ်းလှသော တက္ကသိုလ်ဆရာဘဝကို ကျွန်တော် အားကျ ခဲ့ဖူးသည်။ စာကြည့်တိုက်မှာ တကုတ်ကုတ်စာဖတ်လိုက်၊ သုတေသနပြုလိုက်၊ စာအုပ်စာတမ်းများ ရေးလိုက်၊ စာသင်လိုက်။ တက္ကသိုလ်ဆရာ လစာဝင်ငွေကလည်း မိသားစုဘဝ လုလုပပငြိမ်းငြိမ်း ချမ်းချမ်းနေနိုင်အောင် လုံလောက်ပါသည်။ ဆရာကြီး ဒေါက်တာလှဘေ၏ မှတ်တမ်းထဲတွင် သူတို့ ခေတ်ကတက္ကသိုလ် ဆရာ(ကထိက)သည် မော်တော်ကားနှင့် ဒရိုင်ဘာနှင့်နေနိုင်ကြောင်း ရေးထား သည်။ ဆရာကြီးတို့နောက် မျိုးဆက်တစ်ဆက် (၂၅)နှစ်အကြာတွင် တက္ကသိုလ်ရောက်သော ကျွန်တော်တို့ခေတ်တွင်လည်း တက္ကသိုလ်ဆရာများ ကို မော်တော်ကားနှင့်ယှဉ်တွဲ တွေ့မြင်ရဆဲဖြစ်ပါ ၏ ။

"ကြီးလာရင် ဘာဖြစ်ချင်တယ်" ဟူ၍ လူငယ်တိုင်းတွင် စိတ်ကူးအိပ်မက်ကိုယ်စီ ရှိကြစမြဲ ဖြစ်ရာ ကျွန်တော့်မှာ လည်း သုံးလေးမျိုးမက ရှိခဲ့ဖူးပါသည်။

ကျွန်တော် အတော်ငယ်သေးသော ကိုးနှစ်သား ဆယ်နှစ်သားအရွယ်က 'မင်းကြီးလာရင် ဘာလုပ်မလဲ' ဟု မေးလျှင် 'သူကြီးလုပ်မယ်' ဟု ဖြေတတ်သည်ကို မှတ်မိပါသည်။ အခြားကလေး များ လို ဆရာဝန်၊ အင်ဂျင်နီယာ၊ စစ်ဗိုလ် စသည်ဖြင့် ပြောလေ့ရှိသည်များ ကို မပြောဘဲ သူကြီး လုပ်ချင်သည်ဟု ဘာကြောင့်ပြောမိမှန်းတော့ ကျွန်တော် မစဉ်းစားတတ်ချေ။ သူကြီးသည် ရွာ၏ ခေါင်းဆောင်ဖြစ်သည်။ ထိုခေတ်က ရွာသူကြီးကို လူထုမဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ရသည်။ ကလေးဘဝ ကျွန်တော်၏ အာရုံထဲတွင် ထိုမြင်ကွင်းများစွဲနေပုံရသည်။ ဩဇာလွှမ်းနေပုံရသည်။

ထို့နောက် တွေ့သမျှမြင်သမျှ စာအုပ်စာစောင်အဟောင်းအမြင်းများ ကို အံ့ဖွယ်ကမ္ဘာထဲ ရောက်သွားသည့် အဲလစ်(စ်) ကလေးလို အငမ်းမရ ဖတ်ရှုရသည့်အချိန်တွင် စာရေးချင်စိတ် ပေါ်လာပြန်သည်။ စာရေးဆရာဖြစ်ချင်စိတ်သည် ဆယ်နှစ်၊ ဆယ့်တစ်နှစ်သားလောက်ကတည်းက သန္ဓေတည်နေခဲ့သည်။ ထိုမှတစ်ဖန် ဂျာနယ်ကျော်မမလေး၏ 'သူလို လူ'နှင့် ဗန်းမော်တင်အောင်၏ 'ဘုန်းမောင်တစ်ယောက်တည်းရယ်'စသော ဝတ္ထုများ ကို ဖတ်ရသောအခါ သတင်းစာဆရာဘဝကို အိပ်မက်မက်နေမိပြန်သည်။

ပဲခူးမြို့ နေရှင်နယ်ကျောင်းခေါ် အမျိုးသားတန်းမြင့်ကျောင်းတွင် အလယ်တန်းနှင့် အထက်တန်းပညာများ သင်ကြားနေစဉ် ကျောင်းနှစ်ပတ်လည်မဂ္ဂဇင်း 'ကျောင်းတော်ကြေးမုံ' နှင့် နံရံကပ် စာစောင်များ ၌ ကဗျာများ ၊ ဝတ္ထုကလေးများ ရေးပြီး ကလောင်စသွေးသည်။ ၁၉၅၉ ခုနှစ် အသက် ၁၄နှစ်သားတွင် ကိုယ်ရေးသည့်စာကို ပုံနှိပ်စာလုံးဖြင့် စတင်မြင်တွေ့ရသော အရသာကို ယနေ့အထိ ပြန်လည်ခံစားကြည့်၍ ရပါသေးသည်။

နေရှင်နယ်ကျောင်းတွင် ကျွန်တော် နေခဲ့ချိန်၌ အတန်းတိုင်း၌ ပထမ၊ ဒုတိယ စွဲခဲ့ပါသည်။ ကျွန်တော်ရရှိခဲ့သော ဆုလက်မှတ်များ ကို သားသမီးများ အားကျစေရန်

ရည်ရွယ်ပြီး သမီးအကြီး ဆုံးလက်သို့ အပ်ထားလိုက်ပါသည်။ (မှတ်ချက်။ ယခင်တုန်းက ကျွန်တော်ရေးသည့်စာများ တွင် ငယ်စဉ်က စာကြိုး စားခဲ့သည်၊ စာတော်ခဲ့သည်ဟု တစ်ခါမှ မရေးခဲ့ပါ။ ကိုယ့်ဂုဏ်ကိုယ်ဖော်ဖို့ လက်တွန့်နေခဲ့သည်။ ကျွန်တော့်စာကို ဖတ်မိသူများ ထဲမှ တချို့က "ကိုယ့်ဂုဏ်ကိုယ်ဖော်မသူတော်" ဟု ကျွန်တော့်အပေါ် ထင်မြင်သွားလေမည်လားဟု စိုးရိမ်ပြီး ကိုယ့်အကြောင်းကိုယ် ရေးတာမျိုးကို တတ်နိုင်သမျှ ရှောင်ခဲ့ပါသည်။ မကြာသေးမီက ပါမောက္ခ ဒေါက်တာလှဘေ၏ 'ဝီရိယကိုထူ၊ ဉာဏ်နှင့်ချူ ကံကဖေးမသူ' စာအုပ်ကိုဖတ်မိတော့မှ မိမိ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ လိမ်ညာ ရေးခြင်းမဟုတ်ဘဲ အမှတ်အတိုင်း ရေးသားခြင်းမှာ ရှက်ရွံ့စရာမဟုတ်ဟု စိတ်ချလက်ချခံယူမိပါ တော့သည်။ (ဆရာကြီးက သူကျောင်းသားဘဝစာကြိုး စားခဲ့ပုံ၊ စာတော်ခဲ့ ပုံများ ကို ကျွန်တော်တို့ အားကျစရာဖြစ်အောင် ရေးပြခဲ့ပါသည်။)

ကျွန်တော်တို့ တက္ကသိုလ်ကျောင်း တက်စဉ်က အဓိကဘာသာစနစ် မရှိသေး။ မယူမနေရ နှစ်ဘာသာ (မြန်မာ၊ အင်္ဂလိပ်)နှင့် စိတ်ကြိုက်ဘာသာသုံးဘာသာယူရသော ဘာသာတွဲ စနစ်ဖြင့် သင်ကြားကြရသည်။ ဆယ်တန်းအောင်မှတ် အများ အနည်းအလိုက် တက္ကသိုလ်ဝင်ခွင့် လက်ခံ သည့် စနစ်မဟုတ်သေး။ ဆယ်တန်းကို နောက်ဆက်တွဲ အောင်စာရင်းဖြင့် အောင်မြင်သူပင် ဆေးတက္ကသိုလ်တက်ချင်လျှင် တက်ရောက်ခွင့်ရှိသည်။ ကျွန်တော်သည် စာရေးဆရာ၊ သတင်းစာ ဆရာလုပ်မည်ဟု သန္နိဋ္ဌာန်ချပြီးပြီဖြစ်၍ ဝိဇ္ဇာလိုင်းကိုပဲ ယူခဲ့သည်။ ဆရာဇော်ဂျီ၊ ဆရာမ င်းသုဝဏ် တို့လို တက္ကသိုလ်ပရိဂုဏ်ထဲက ပညာရှင် ဘဝနှင့် စာရေးဆရာဘဝကို ပေါင်းစပ်ခံယူမည်ဟု ရည်မှန်းချက်ထားခဲ့သည်။ စာလည်း ကြိုး စားခဲ့ပါသည်။

ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် ဆရာဇော်ဂျီ၊ ဆရာမ င်းသုဝဏ်တို့ တာဝန်အသီးသီး ထမ်းဆောင်လျက်ရှိနေရာ ဆရာတို့ကို ကိုယ်တိုင်ကိုယ်ကျမြင်ဖူးတယ် ရှိအောင် မသိမသာသွား၍ ကြည့်ခဲ့ဖူး သည်ကို သတိရမိသေးသည်။ လူကိုယ်တိုင် မမြင်ဖူးဘဲ အားကျမိခဲ့သူမှာ ထိုစဉ်က နိုင်ငံခြားသို့ ရောက်နေသော ဒေါက်တာထင်အောင်ဖြစ်သည်။ ဥပဒေမဟာဝိဇ္ဇာဘွဲ့ (လန်ဒန်)၊ ဥပဒေဝဇ္ဇာဘွဲ့(ကိန်းဗရစ်)၊ ဥပဒေဝိဇ္ဇာဘွဲ့( အောက်စဖို့ဒ်)၊

ဥပဒေပါရဂူဘွဲ့၊ ဥပဒေပါရဂူဘွဲ့ (ဒဗ္ဗလင်)၊ အောက်စဖို့တက္ကသိုလ် စိန်အန်ထော်နီ ကော်လိပ်သုခမိန်အဖွဲ့ဝင် စသည်ဖြင့် ဆရာကြီး ဒေါက်တာထင်အောင်၏ ဘွဲ့ထူး ဂုဏ်ထူးများ ကို အားကျသည်။ ဆရာကြီးအင်္ဂလိပ်လိုရေးသော သမိုင်းစာအုပ်များ ကို လက်လှမ်းလို့မမီတမီ ဖတ်ရှု၍ လည်း ကြည်ညိုလေးစားသည်။ ကမ္ဘာ့ပညာ တက်အသိုင်းအဝိုင်းမှာ ထင်ရှားကျော်ကြားသော ဆရာကြီး ဂုဏ်သတင်းများ ကိုသိရ၍ ဂုဏ်ယူ ဝမ်းမြောက်သည်။

ဒေါက်တာထင်အောင် အနောက်တိုင်း တက္ကသိုလ်များ တွင် ထပ်တန်းပညာရှင်တစ်ဦးအဖြစ် လှည့်လည်တာဝန်ထမ်းရွက် နေရာမှ အငြိမ်းစားယူပြီး မြန်မာနိုင်ငံတွင် ပြည်လည်နေထိုင်ချိန် ၁၉၇၃ ခုနှစ် ဖေဖော်ဝါရီလတွင်မှ ကျွန်တော်သည် ဆရာကြီးနှင့် လူခြင်းတွေ့ဆုံးဖူးပါသည်။ ထိုနေ့က ရန်ကုန်မြို့ ရာမာခရစ်ရှနာခမ်းမ၌ ဒေါက်တာထင်အောင်က `ဂျီးအီးဟာ ဗေးနှင့် မြန်မာ့သမိုင်း´ အကြောင်းကို နယ်ချဲ့ဝါဒီမှ သမိုင်းပညာရှင်အဖြစ်သို့ `ခေါင်းစဉ်ဖြင့် အင်္ဂလိပ်လို စောပြောသည်။ ဟောပြောပွဲသို့ (ကွယ်လွန်သူ) ဆရာအောင်သန်း (မန္တလေး)နှင့် ကျွန်တော်တို့ တက်ရောက်နားထောင်ခဲ့ကြသည်။ ထိုစဉ်က ကျွန်တော်သည် မြန်မာ့အလင်းသတင်းစာ တိုက်တွင် အယ်ဒီတာအဖြစ် အမှု ထမ်းနေ၍ ဟောပြောပွဲ အပြီးတွင် ဆရာကြီးကို သတင်းစဆရာ တစ်ဦး အနေဖြင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

နယ်ချဲ့သမိုင်းဆရာမျှား ၏ မြန်မာ့သမိုင်းအပေါ် အမြင်ကို မြန်မာပညာရှင် တစ်ဦးအနေဖြင့် မည်သို့မည်ပုံခုခံချေပခဲ့ကြောင်း ဆရာကြီးက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောပါသည်။ ဆရာကြီးနှင့် တွေ့ဆုံပြီးချိန်တွင် အတော်မိုးချုပ်နေပြီးဖြစ်၍ ရှင်းလင်းပြောပါသည်။ ဆရာကြီးနှင့် တွေ့ဆုံပြီးချိန်တွင် အတော်မိုးချုပ်နေပြီးဖြစ်၍ ရာမခရစ်ရှနာခန်းမနှင့် အနီးဆုံးသတင်း စာတိုက်ဖြစ်သော `ကြေးမုံ´ သို့ဝင်ရောက်ကာ သတင်းရေးပေးခဲ့ပါသည်။ နောက်တစ်နေ့ ကြေးမုံတွင် ကျောဖုံးထိပ်၌ သုံးကော်လံခေါင်းစီးဖြင့် ဒေါက်တာထင်အောင် ဟောပြောပွဲ သတင်းအတော်ပင် ပြည်ပြည်စုံစုံ ပါရှိခဲ့ပါသည်။ နောင် ၁၀ နှစ်ကျော်မျှကြာပြီး အတွေးအမြင် စာစောင်

ထုတ်ဝေသောအခါ ဆရာအောင်သန်း (မန္တလေး) ဒေါက်တာထင်အောင်၏ "နယ်ချဲ့ဝါဒီမှ သမိုင်းပညာရှင်အဖြစ် သို့ " စာတမ်းကို ဘာသာပြန်ဆိုထည့်သွင်း ခဲ့ပါသည်။ (မှတ်ချက်။ ယင်းစာတမ်းကို ဒေါင်းစာပေက စာအုပ်အဖြစ် မကြာမီထုတ်ဝေတော့မည်ဟု သိရပါသည်။ )

ဒေါက်တာထင်အောင်ကို အားကျခြင်းနှင့် အတူ ပီအိပ်ချ်ဒီ (ပါရဂူဘွဲ့) ရလိုသော ရောဂါလည်း ကျွန်တော့်မှာ အတော်ကြာအောင် စွဲကပ်နေခဲ့ပါသည်။သို့ ရောတွင် ကျွန်တော် ဥပစာဝိဇ္ဇာ(ခ)တန်း ရောက်ချိန်၌ ရေစီးကြောင်းတစ်ခုတွင် မျောပါသွားခဲ့ရာ ပီအိပ်ချ်ဒီ လမ်းကြောင်းနှင့် ကျွန်တော်လွဲချော်ခဲ့ပါသည်။ တက္ကသိုလ်တွင် ဒီဂရီရသည်အထိပင် အနေနိုင်ဘဲ သုံးနှစ်မျှအကြာတွင် ပြင်ပကမ္ဘာတွင်သို့ လွင့်စဉ်ထွက်ခဲ့ရသည်။ အလုပ်ထဲ ရောက်ပြီး ကြိုး စားပြီး စာမေးပွဲပြန်ဖြေကာ ဒီဂရီယူခဲ့ရသည်။

ကြည်ညိုလေးစားဖွယ် ဂုဏ်သတင်း ကျော်စောသော ပီအိပ်ချ်ဒီဘွဲ့ပညာရှင်ကြီးများ နှင့် ကြုံဆုံရတိုင်းထိုဘဝမျိုး ကို မျှော်မှန်းတမ်းတခဲ့ဖူးသည့် ကျွန်တော်၏ လူငယ်ဘဝ စိတ်ကူးအိမ်မက် ကလေးများ ကိုပြန်လည်သတိရမိသည်။ ပြန်မရနိုင်တော့သောနေ့ရက်များ ၊ ပြန်လည် တည်ဆောက် ၍ မရနိုင်တော့သော စိတ်ကူးအိပ်မက်များ ကို တသသဖြစ်နေခြင်းတော့မဟုတ်။ သတိရခြင်းနှင့် တသသဖြစ်ခြင်းသည် အတော်ကွဲပြားခြားနားသည်ဟု ကျွန်တော် ထင်သည်။

ကျွန်တော်သည် ယနေ့ထိ ဘဝသက်တမ်းကို စာရေးဆရာ။ သတင်းစာဆရာဖြစ်နှင့် ပရဟိတသမားတစ်ယောက်အဖြစ် ဖြတ်သန်းခဲ့သည်။ ကျွန်တော်လုပ်ရမည့် အလုပ်များ ကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ လုပ်ခဲသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ ပြန်စဉ်းစားကြည့်တိုင်း လည်း တစ်နိုင်တစ်ပိုင် လုပ်ဖြစ်ခဲ့သော အလုပ်များ အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေမိသည်။

ကျွန်တော်သည် ယနေ့ထိ ဘဝသက်တမ်းကို စာရေးဆရာ၊ သတင်းစာဆရာအဖြစ်နှင့် ပရဟိတသမားတစ်ယောက်အဖြစ် ဖြတ်သန်းခဲ့သည်။ ကျွန်တော်လုပ်ရမည့်အလုပ်များ ကို ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ လုပ်ခဲသည်ဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်သည်။ ပြန်စဉ်းစားကြည့် တိုင်း တစ်နိုင်တစ်ပိုင် လုပ်ဖြစ်ခဲ့သော

အလုပ်များ အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်နေမိသည်။

# မောင်ဝံသ

(၂)

ဝေါမြို့က စာအုပ်ဆိုင်ကလေး

စာရေးဆရာ၊ သတင်းဆရာဘဝကို ကျွန်တော် အလွန်တန်ဖိုးထားသည်။ သတင်းစာ အယ်ဒီတာတစ်ဦးအဖြစ် အသက်မွေးဝမ်းကျောင်းခဲ့ပြီး စာရေးဆရာတစ်ဦးအဖြစ် ရပ်တည် နေနိုင်ခဲ့ခြင်းကို ပြန်တွေးကြည့်မိတိုင်းပီတိဖြစ်ရသည်။ လူတန်းစေ့ နေထိုင်နိုင်သော ဝင်ငွေလည်းရှိ၊ ဝါသနာပါရာ အလုပ်ကိုလည်း လုပ်နေနိုင်ခြင်းလောက်ပျော်စရာကောင်းတာ ဘယ်ရှိပါ့မလဲ။

လူတစ်ယောက်၏ ဘဝလမ်းကြောင်းသည် ဗုဒ္ဓဘာသာအယူအဆအားဖြင့် ဆိုလျှင် ကံစီမံသည့်အတိုင်း ဖြစ်ကြရသည်ဟု လက်ခံရမည်။ ကံစီမံသည် ဆိုရာ၌ ``ကြုံကြိုက်မှု´´ များ သည် အရေးပါသော အခန်းမှ ပါဝင်သည်။ ကျွန်တော် စာပေဝါသနာပါ လာခြင်းမှာ "ကြုံကြိုက်မှု " ကြောင့် ဖြစ်သည်။ ထိုကြုံကြိုက်မှု မရှိခဲ့ပါက ကျွန်တော်သည် စာသမားဖြစ်မလာဘဲ တခြားဘဝလမ်းကြောင်း တစ်ခုခုထဲသို့ ရောက်သွားကောင်း ရောက်သွားနိုင်သည်။

ကျွန်တော့်အား ဝေါမြို့နယ်၊ မြစ်ကျိုး တွင် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း မွေးဖွားခဲ့သည်။ ကျွန်တော်၏ ကလေးဘဝသည် ဒုတိယကမ္ဘာစစ်ပြီးစ လွတ်လပ်ရေးကြိုး ပမ်း မှု အရှိန်အဟုန် မြင့်မားနေချိန်တွင်နှင့် လွတ်လပ်ရေးရပြီးခါစ ပြန်လည်ထူထောင်ရေး ကာလများ ကို ဖြတ်သန်းခဲ့ရသည်။ ဖက်ဆစ်တော်လှန်ရေးကာလအတွင်း မြစ်ကျိုး တိုက်ပွဲသည် အတော်ပင် ထင်ရှားခဲ့၍ လူမှန်းသိခါစ အရွယ်၌ မြစ်ကျိုး တိုက်ပွဲအကြောင်း လူကြီးများ က ဒဏ္ဍာရီဆန်ဆန် ပြောဆိုသည်များ ကို ကြားဖူးနေသည်။ စစ်တောင်းမြစ်အတိုင်း စစ်ဆုတ်လာသော ဂျပန်တပ်များ သည် မြစ်ကျိုး ကို အဖြတ်တွင် တိုင်း-၄ တော်လှန်ရေးသမားများ က ပြောက်ကျားစစ်ဖြင့် ချေမှု န်းခဲ့ကြသည်။ အချို့က ဂျပန်စစ်မိုလ်များ ကို အိမ်တွင်

ထမင်းဖိတ်ကျွေး၍ ထမင်း တစ်ဝိုင်းလုံးကို ဓားဖြင့် ခုတ်သတ်ပြီး လက်နက်များ ကို သိမ်းယူကြသည်။

ဖက်ဆစ်တော်လှန်ရေးသမားများ ထဲမှာ စာပေဝါသနာရှင်များ ပါဝင်ခဲ့သည်။ သူတို့က တော်လှန်ရေးအတွင်း စွန့်စားခန်းများ ၊ အတွေ့အကြုံများ ကို လက်ရေးစာစောင်တစ်ခု ထုတ်၍ မှတ်တမ်းတင်ခဲ့ကြသည်။ စစ်အတွင်းဖြစ်သဖြင့် ရရာစက္ကူ များ ကို အသုံးပြုခဲ့ပံရသော်လည်း စက္ကူများ မှာ ထူထူထဲထဲ၊ ခိုင်ခိုင်ခန့်ခန့် နှင့် ခုနစ်နှစ်၊ ရှစ်နှစ်အကြာ ကျွန်တော်စာဖတ်နိုင်ချိန် ခုနစ်နှစ်၊ ရှစ်နှစ်သားအရွယ်အထိ အကောင်းပကတိဖြစ်သည်။ ယင်းတော်လှန်ရေးလက်ရေးစာစောင် မှာ အလျား ၉ လက်မ၊ အနံ ၅လက်မခွဲ၊ ယခုအတွေးအမြင်စာစောင်ကို ဘေးတိုက်လှဲချထား သည့်အကျယ်ထက် နည်းနည်းကလေး ပိုကြီးသည်။ မင်စိမ်းပြာရောင်နှင့် ကလောင်ဖြင့် ရေးထားပုံရသည်။ လက်ရေးမှာ အလွန်လှသော လက်ရေးဖြစ်သည်။ ဖျက်ရာခြစ်ရာမရှိ။ ခေါင်းကြီး၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ စာညွှန့်မျိုး စုံပါသည်။ ကမ္ဘာ့ရေးရာကဏ္ဍပင်ပါဝင် လိုက်သေး သည်။ သရုပ်ဖော်ပုံတော့ များများ မပါ။ ပန်းပွင့်၊ ကြယ်၊ လခြမ်းနှင့် တိမ်တိုက်များ ကို မင်နီ၊ မင်ပြာဖြင့် ရေးချက်များ ပါဝင်သည်။ တူတံဇဉ်ပုံအချို့ ကိုလည်းတွေ့ရ၍ ကွန်မြူနစ် ပါတီဝင်ရဲဘော် များ ၏ လက်ရာများ ဖြစ်ကြောင်းသိရသည်။

စာဖတ်တတ်ခါစအရွယ်တွင် အိမ်မှာ တွေ့သော စာအုပ်စာပေများ အနက် အဆိုပါ တော်လှန်ရေး လက်ရေးစာစောင်ကလေးကို ကျွန်တော်အစွဲဆုံးဖြစ်သည်။ ကျွန်တော် ငါးနှစ်သား အရွယ်တွင် ကွယ်လွန်သွားသော ဖခင်ကြီးဖတ်ခဲ့သည့် ဘာသာရေးစာအုပ်များ ကို ကျွန်တော်နား မလည်နိုင်သေး။ ဘာသာရေးစာအုပ်တွေကြားမှာ တွေ့ရသော လက်ရေးစာစောင်က လေးကို ကျွန်တော်အပိုင်ယူလိုက်တယ်။ အားတိုင်းလည်း ဒီစာစောင်ကလေးကိုပဲ ဖတ်နေသည်။ ကျွန်တော့်အိမ်က (မြို့ မမောင် သတင်းစာကို အမည်ပြောင်းလိုက်သော)``ရန်ကုန်သတင်းစာ´´ လပေးယူသည်။ စာဖတ်တက်ခါစ မူ လတန်းကျောင်းသားလေး ကျွန်တော်သည် ရန်ကုန်သတင်း စာကို ဖတ်ရကောင်းမှန်းမသိသေး။ အရုပ်များ ၊ ဓာတ်ပုံများ ကိုသာ လှန်လှောကြည့်တတ်သေး

သည်။ တော်လှန်ရေးစာစောင်မှာ ပါသော အကြောင်းအရာများ က ကျွန်တော်၏ အာရုံကို ပို၍ ဖမ်းစားသည်။ ကျွန်တော်တို့နယ်မြေများ က ကျွတ်တော်၏ အရုံကို ပို၍ ဖမ်းစားသည်။ ကျွန်တော်တို့နယ်မြေဒေသ၊ ရေမြေတောတောင်များ မှာ ဖြစ်ပျက်ခဲ့သော ဖြစ်ရပ်မှန်များ ၊ ပါဝင်သော ဇာတ်ကောင်များ ကလည်း ကျွန်တော်သိသော၊ ကျွန်တော်ကြားဖူးသော ကျွန်တော့်ဝန်းကျင်က လူတွေချည်း။

သည်လိုနှင့် ကျွန်တော်သည် စာဖတ်ခြင်း၏ အရသာကို စတင်ခံစားခဲ့ရသည်။ သည့်ထက် ပို၍ ကောင်းသော စာတွေကိုဖတ်ချင်စိတ်ဖြင့် တမ်းတမိသည်။သို့ ရာတွင် ဘုရားစင်အောက်က အဖေ့စာအုပ်ဗီရိုကြထဲမှာ ဘာသာရေးစာအုပ်ထူထူကြီးများ သာရှိသည်။ ကျွန်တော်၏ မိခင်ကြီးက လည်း ဘာသာရေးစာအုပ်ကလွဲ၍ ဘာစာမှ မဖတ်၊ ကျွန်တော်အစ်ကို အစ်မများ မှာ မူ လွတ်လပ် ရေးရပြီးခါစ ပြန်လည်ထူထောင်ရေးခေတ်ကြီးနှင့်အမီလိုက်ကာ ဈေးဆိုင် အရောင်း အဝယ် လုပ်ငန်းနှင့် ဆန်စက်လုပ်ငန်းများ ကို နေ့မအား ညမအား လုပ်နေကြရ၍ စာဖတ်ချိန်မရကြ။ ထို့ကြောင့် သူတို့ဖတ်သည့် စာအုပ်များ လည်းမရှိ။

ဤအချိန်တွင် ကျွန်တော်သည် ကြုံကြိုက်မှု တစ်ခုနှင့် ရင်ဆိုင်တိုးခဲ့လေသည်။ ကျွန်တော် တို့ရွာတွင် စာကြည့်တိုက် ထူထောင်ရန် ရပ်မိရပ်ဖများ က ဆော်သြ၍ စီစဉ်ကြခြင်းဖြစ်သည်။ ရပ်မိ ရပ်ဖများ ထဲတွင် ကျွန်တော့်အစ်မကြီးဒေါ်တင်ကြည်၏ ခင်ပွန်း ဦးသိန်းဟန် ပါဝင်သည်။ ကျွန်တော့် ယောက်ဖကြီး သည် ဒိုက်ဦးမြို့ နယ်၊ ဖောင်တော်သီသားဖြစ်ပြီး နှစ်ဖက်မိဘများ ၏ ကြောင်းလမ်း စီစဉ်မှု ဖြင့် ဝေါမြို့ နယ်သူ ကျွန်တော့်အစ်မကြီးနှင့် အကြောင်းပါခဲ့ခြင်းဖြစ်သည်။ သူသည် ဆယ်တန်း အောင်ပြီး တက္ကသိုလ်ဥပစာတန်းတက်ခဲ့ဖူး၍ ကျွန်တော်တို့ရွာတွင် ထိုစဉ်က အတန်း ပညာအမြင့်ဆုံးအဆင့်ရှိသူဖြစ်သည်။ စာကြည့်တိုက် အဆောက်အဦး ဆောက်လုပ်ရေးအတွက် နေရာထိုင်ခင်းနှင့် ရုံပုံငွေကိစ္စများ ကို အခြားလူကြီးများ က ဆောင်ရွက် နေချိန်တွင် ဦးသိန်းဟန်က စာကြည့်တိုက်အတွက် စာအုပ်များ စတင်စုဆောင်းသည်။ မိသားစုစီးပွားရေးကိစ္စများ ဖြင့် ပဲခူးမြို့ သို့ တစ်ပတ်တစ်ခေါက်

လောက်သွားနေရသည်ဖြစ်ရာ ပဲခူးရှိ မိတ်ဆွေများ ထံမှ မဂ္ဂဇင်း၊ ဂျာနယ်၊ စာအုပ်စာတမ်းအဟောင်းများ ကို ရသလောက် အလှူခံသည်။ ပဲခူးမြို့၊ လိပ်ပြာကန် ၂ လမ်း နေဆန်ဝန်ထောက် ဦးကျော်မောင်က အများ ဆုံးလှူသည်ဟု နောင်အခါ သိရှိရသည်။ အလှူခံ၍ ရလာသော စာအုပ်များ ကို စာကြည့်တိုက်မဆောက်ရသေးမီ ပျောက်ပျက်ကုန်မည်စိုး၍ ကျွန်တော်တို့အိမ်မှာ ပင် ထင်းရှူး သေတ္တာကြီးများ ဖြင့် ထည့်၍ သိမ်းထား သည်။

ဤသည်ပင် ကျွန်တော့်အတွက် ရတနာပုံဆိုက်သော ``ကြုံကြိုက်မှု ကြီး´´ ဖြစ်ပါတော့ သည်။ ထိုမဂ္ဂဇင်း၊ ဂျာနယ် အဟောင်းများ ကို ကျွန်တော်သည် "နွားငတ်ရေကျ" ဆိုရလောက်အောင် ဖတ်ပစ်ရသည်။ အစ်ကိုအစ်မတွေက ကျွန်တော့်ကို ``ချဥ်´´ သွားမည်စိုးသဖြင့် ရိုက်နှက်မည် တကဲကဲ ဖြိမ်းခြောက်ပြီး စာအုပ်ပုံနားက ထခိုင်းသည် ။ ကိုယ်လက် လှုပ်ရှား အညောင်းအညာ ဖြေခိုင်းသည်။ စာအုပ်သေတ္တာတွေကို သော့ခတ်ထားရန် ကျွန်တော့်အမေက ညွှန်ကြား သည်။တစ်နေ့လျှင် မဂ္ဂဇင်းတစ်အုပ်ထက် ပိုမဖက်ရဟု ကန့်သတ်သည်။ ကျွန်တော်သည် တခြား ဘာမှစိတ်မဝင်စားတော့၊ သူငယ်ချင်းတွေနှင့် ငှက်ပစ်ထွက်ခြင်း၊ ချောင်းထဲရေသွားကူးခြင်း၊ ကျောင်းဘောလုံးကွင်းမှာ ဘောလုံးကန်ခြင်း ဘာတစ်ခုမှ မလုပ်တော့။ ကျောင်းကပြန် လာသည်နှင့် အိမ်အပေါ်ထပ်က စာအုပ်သေတ္တာတွေအနားကို ရောက်သွားပြီး ဒဂုံ၊ သွေးသောက်၊ ရှုမဝ၊ ပဒေသာ၊ တာရာ၊ စာပေသစ် မဂ္ဂဇင်းဟောင်းများ ၊ စနေ နဂါးနီနှင့် ဂျာနယ်ကျော် အဟောင်း များ ကို တစ်စောင်ပြီးတစ်စောင် ဖတ်နေသည်။ စာအုပ်တွေက ဟောင်းနေသော်လည်း ကျွန်တော့် အတွက်မူ အားလုံးသည် အသစ်တွေချည်း ဖြစ်သည်။ အထူးအဆန်းတွေချည်း ဖြစ်သည်။ ကျွန်တော် တို့အိမ်မှာ ၅ ပင် ၄ ခန်း နှစ်ထပ်အိမ်ကြီး ဖြစ်၍ အမေနှင့် အစ်ကိုတွေ၊ အစ်မ တွေအားလုံးအောက်ထပ်ရှိ ကုန်စုံဆိုင်တွင် အလုပ်ရှုပ်နေကြသည်။ အပေါ်ထပ်တစ်ခုလုံးတွင် စာအုပ်သေတ္တာများ နှင့် ကျွန်တော်တစ်ယောက်တည်း။

တစ်နှစ်ခန့် နေ့စဥ်ရက်ဆက် ဖတ်ပစ်လိုက်သောအခါ အိမ်သို့ ရောက်သမျှ စာအုပ်တွေ အားလုံး ဖတ်လို့ပြီးသွားသည်။ ဤအတောအတွင်း စာကြည့်တိုက် အဆောက်အဦကိစ္စ မှာ လည်း မပြေမလည်တွေဖြစ်ကာ မဆောက်နိုင်ကြသေးဘဲ ရှိနေသည်။

ကျွန်တော့်မှာ ကလေးအရွယ် သာဖြစ်၍ မည်သို့ မည်ပုံ အဆင်မပြေဖြစ်ကြသည်ဆိုခြင်းကို မသိ။ စာကြည့်တိုက်မပြီးသေးဘူး ဆိုတော့ ကျွန်တော့်ယောက်ဖကြီးမှာ လည်း စာအုပ်တွေကို လွှဲအပ်ရမည့်နေရာမရှိ၍ အိမ်မှာ ပဲ ဆက်ထားရသည်ဖြစ်ရာ ကျွန်တော့်မှာ ဖတ်ပြီးသားတွေကို တစ်ကျော့ပြန် ဖတ်ရပြန်သည်။

တစ်ကျော့ပြန်ဖတ်ရာတွင် ဝတ္ထု၊ ဆောင်းပါး၊ ကဗျာတွေသာမက သရုပ်ဖော် ပန်းချီပုံများ ကို ပါ အနုစိတ် ကြည့်ရှုခဲ့သည်။ ကြည့်ဖန်များတော့ ပန်းချီဆရာကြီးများ ၏ လက်ရာတွေကို လက်မှတ်ထိုးထားတာ မကြည့်ဘဲ သိနေသည်။ ဦးငွေကိုင်၊ ဦးအုန်းလွင်၊ ဦးမြတ်ကျော်၊ ဦးစန်းလွင်၊ ဦးဘရင်ကလေး၊ ဦးကိုလေး၊ ဗဂျီအောင်စိုးတို့၏ လက်ရာတွေကို အထပ်ထပ်ပြန်ကြည့်ပြီး အချို့ ရေးချက်တွေကို ရောင်စုံခဲတံများ ဖြင့် ကူးဆွဲသည်။ မူလတန်းကျောင်းသားကလေး၏ လက်ရာဖြစ်၍ ဘယ်လိုမှ စနစ်မကျနိုင်။ သို့ရာတွင် အပြစ်ကင်း၍ ချစ်စရာကောင်းမည်မှာ သေချာသည်။ ကျွန်တော်သည် စာအုပ်ပုံကြားတွင် နစ်မြုပ်နေခဲ့သော ထိုစဉ်က ဘဝပုံကားချပ် ကလေးကိုပြန်၍ လွမ်းမိသေးတော့သည်။ ဤကြုံ ကြိုက်မှု သည် ကျွန်တော့်အား စာပေသမား တစ်ယောက်ဖြစ်လာမည့် ဘဝလမ်းကြောင်းပေါ်သို့ မမြင်နိုင်သော စွမ်းအင်များ က စတင်တွန်းပို့ လိုက်ခြင်းပင် ဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

ဒုတိယကြုံကြိုက်မှု ကား ကျွန်တော် စတုတ္ထတန်းစာမေးပွဲ ဖြေအပြီး နွေရာသီကျောင်းပိတ် ရက်တွင် ဝေါမြို့ ၌ သွားရောက်နေထိုင်ခွင့် ရခဲ့ခြင်းဖြစ်သည်။ ဝေါမြို့ မင်းလမ်း၌ ကျွန်တော့်ဦးလေး တော်သူ (ကျွန်တော်တို့က ဦးရီးဟု ခေါ်သည်) ဦးမောင်တင်၊ ၎င်း၏ ဇနီး ဆရာမ ကြီးဒေါ်မြညွန့်နှင့် သမီး မမြင့်မြင့်တင်တို့ နေထိုင်သည်။ မမြင့်မြင့်တင်ကို ကျွန်တော်တို့က မမမြင့်ဟု ခေါ်သည်။ တစ်ဦးတည်းသော သမီးဖြစ်၍ မောင်လေး၊ ညီမလေး အရင်းမရှိသောကြောင့် တစ်ဝမ်းကွဲ မောင်လေးဖြစ်သူ ကျွန်တော့်ကို အလွန်ချစ်သည်။ ထိုနွေကျောင်းပိတ်ရက်တွင် မမမြင့်က ပူဆာ၍ ကျွန်တော့်ကို ဝေါအိမ်တွင် သွားနေခွင့်ပေးသည်။ ကံကောင်းချင်တော့ ဦးရီး၏ အိမ်ရှေ့ မြောင်းကူးတံတားအစွန်တွင် စာအုပ်ဆိုင်ကြီးရှိနေသည်။ ဤအသက်အရွယ်အထိ ကျွန်တော်သည် စာအုပ်ဆိုင်ဆိုတာ

မမြင်ဖူး။ စာအုပ်လည်း မဝယ်ဖူးခဲ့။ မဂ္ဂဇင်း၊ ဂျာနယ်အသစ်တွေရော လုံးချင်း စာအုပ်အသစ်တွေ၊ အရောင်အသွေးစုံလှလှပပနှင့် စင်ကလေးတွေပေါ်မှာ စီစီရီရီ တွေ့လိုက်ရ တော့ ကျွန်တော့်ရင်ထဲမှာ ဒိန်းခနဲခုန်သွားသည်။ ရွာမှာ တုန်းကဖတ်ခဲ့သမျှ အားလုံးအဟောင်း တွေချည်း။ အချို့ ဆို မျက်နှာဖုံးပင်မရှိတော့။ ယခု ရောင်စုံမျက်နှာဖုံးနှင့် စာအုပ်တွေကို တွေ့ရသည်မှာ ကျက်သရေရှိလှဘိခြင်း။

မမမြင့် လက်ကိုဆွဲ၍ အိမ်ဆီသို့ သာ လျှောက်လာခဲ့ရသည်။ ကျွန်တော်ခေါင်းက စာအုပ်ဆိုင်ဆီကို တလည်လည်။ မမမြင့်က "မောင်လေး ကျန်းမာရေးထိခိုက်မှာစိုးလို့ စာသိပ်မဖတ်နဲ့လို့မှာ လိုက်တယ်"ဟုပြောသည်။ ကျွန်တော်က တောင်းပန်တိုးလျှိုး ပြီးပြောရသည်။ စာအုပ်အသစ်တွေ မဖတ်ဖူးလို့ နည်းနည်းပါးပါးတော့ ဖတ်ပါရစေဟူ၍ ။

ကျွန်တော့်ကို ချစ်သော အစ်မလေးကလည်း စကားအဖြစ်သာပြောခြင်းဖြစ်သည်။ ကျွန်တော်လိုချင်တဲ့ စာအုပ်၊ ဖတ်ချင်တဲ့မဂ္ဂဇင်းအားလုံးကို အိမ်ရှေ့ရှိ ဆိုင်မှ အချိန်မရွေး ယူဖတ် ခွင့်ပြုရန် ဆိုင်ရှင်ကို မှား ထားသည်။ ဆိုင်ရှင်မှာ ဦးရီး၏ တပည့်ဖြစ်၍ လိုလိုလားလား ခွင့်ပြုသည်။ ကျွန်တော်ကလည်း စာအုပ်အသစ်တွေကို ရိုရိုသေသေ ကိုင်ပါသည်။ တစ်ချက်ကလေး မတွန့်မခေါက်စေရ။

နွေကျောင်းပိတ်ရက်နှစ်လအတွင်း ဝေါစာအုပ်ဆိုင်မှ ရှိသမျှစာအုပ်တွေ ကျွတ်သွားအောင် ကျွန်တော်ဖတ်ပစ်သည်။ ထိုခေတ်က စာအုပ်အသစ်ထွက်နှုန်းမှ တစ်လမှ အုပ်နှစ်ဆယ်ခန့်ထက် မပို၍ ကျွန်တော်ဖတ်နိုင်အောင် ဆိုင်ရှင်က သူ့အိမ်ရှိ စာအုပ်ဟောင်းအချို့ ကို ယူပေးခဲ့ပါသေး သည်။

ထို့ကြောင့် ကျွန်တော်၏ စာပေဝါသနာအညွန့်အညှောင့်ကို ခေါင်းပြူ ထွက်လာအောင် စတင်ပျိုး ထောင်ပေးခဲ့သည့် "ကြုံကြိုက်မှု များ " တွင် ဝေါမြို့ စာအုပ်ဆိုင်နှင့် ကြုံကြိုက်မှု သည်လည်း အရေးပါသော အချိုး အကွေ့တစ်ခုဖြစ်သည်ဟု ကျွန်တော်မှတ်တမ်းတင်ပါသည်။

မြစ်ကြီး ရှိ ကျွန်တော်တို့၏ အိမ်ကြီးမှာ လွန်ခဲ့သော ၁၅နှစ်ခန့်က မီးလောင်ရာတွင် ပါသွား၍ မရှိတော့ပါ။ ကျွန်တော်ငယ်ငယ်က ဖတ်ခဲ့သော စာအုပ်သေတ္တာတွေလည်း မီးထဲပါ သွားပါပြီ။ ဒါပေ မယ့် ထိုစာအုပ်တွေက ပေးခဲ့သော ဝါသနာအမွေကိုတော့ ဘယ်မီးမှ မဝါးမြို နိုင်ခဲ့ပါ။ ဝေါမြို့ ရှိ ကျွန်တော့်ဦးရီးလည်းဆုံးသွားသည်မှာ ကြာပါပြီ။ ကျွန်တော့် အစ်မမိသားစုမှာ ရန်ကုန်၊ မလွှကုန်း လမ်းတွင် အခြေချနေထိုင်လျက်ရှိပြီး ဝိပဿ နာကမ္မဋ္ဌာန်းနည်းပြများ အဖြစ် အကျိုး ဆောင်နေ ကြောင်းသိရပါသည်။ဝေါမြို့ ရှိဦးရီး၏ အိမ်ကြီးနေရာများ တိုက်တာအသစ်တွေကို အစားထိုး တွေ့မြင်နေရပါသည်။ စာအုပ်ဆိုင်ကားမရှိတော့ပါ။ ဝေါမြို့ သို့ ရောက်တိုင်း ထိုစာအုပ်ဆိုင် နေရာကလေးကို ကျွန်တော် အလွမ်းပြေ သွားကြည့်လေ့ရှိသည်။ ကျွန်တော့်နှလုံးသားထဲတွင် ရောင်စုံမျက်နှာဖုံးလှလှလေးများ နှင့် မဂ္ဂဇင်းဂျာနယ်များ ၊ လုံးချင်းစာအုပ်များ စီစီရီရီ ခင်းကျင်းပြ သထားသော ဟိုယခင်က ဝေါစာအုပ်ဆိုင်ကလေးသည် မပျောက်မပျက် ရှိနေဆဲပင်။

# မောင်ဝံသ

(၃)

ပဲခူး အမျိုး သားကျောင်း

ဝေါမြို့ မှ စာအုပ်ဆိုင်ကလေးတစ်ဆိုင်သည် ကျွန်တော်၏ စာပေဝါသနာရှင်ဘဝကို မြေတောင် မြှောက်ပေးလိုက်သကဲ့သို့ ကျွန်တော် အလယ်တန်းနှင့် အထက်တန်းပညာများ သင်ကြားခဲ့ရသော ပဲခူးမြို့ ၊ အမျိုး သားတန်းမြင့်ကျောင်း(ယခု အထက-၃) မှ ကျောင်းစာကြည့် တိုက်၊ "ကျောင်းတော်ကြေးမုံ"နှစ်ပတ်လည်မဂ္ဂဇင်းနှင့် ပဲခူးမင်းလမ်းမှ ဇောင်မင်းစာအုပ်ဆိုင်တို့ သည် ကျွန်တော့်အား စာပေပါရမီဖြည့်ပေးခဲ့ကြသော ကျေးဇူးရှင်များ တွင် ပါဝင်ခဲ့ကြပါသည်။

၁၉၅၅ - ခုနှစ်တွင် ကျွန်တော်သည် ပဲခူးအမျိုး သားတန်းမြင့်ကျောင်းတွင် ဂျေတူး(j-2) ခေါ် အငယ်တန်း ၂(junniou 2) ၌ တက်ရောက် သင်ကြားရသည်။ နေရှင်နယ်ကျောင်းဟု အများ က ခေါ်ကြသော အမျိုး သားတန်မြင့်ကျောင်းသည် အစိုးရအထက်တန်းကျောင်းများ ကဲ့သို့ ငါးတန်း၊ ခြောက်တန်းဟု မသုံးဘဲ ငါးတန်းကို j-2၊ ခြောက်တန်းကို j-1၊ ခုနစ်တန်းကို S-3(Senior 3)၊ ရှစ်တန်းကို S-2၊ ကိုးတန်းကို S-1 ခေါ်ဝေါ်လေသည်။ ထိုစဉ်က ရှစ်တန်းအောင်ပြီးလျှင် ကိုးတန်းနှင့် ဆယ်တန်(ကျောင်းထွက်လက်မှတ်ရနှင့် တက္ကသိုလ်ဝင်စာမေးပွဲ) (Hihg School Final and Matriculation Exam) ကိုတစ်ကြိမ်တည်း ပူးတွဲ ဖြေဆိုရသဖြင့် ဆယ်တန်း (တက္ကသိုလ်ဝင်တန်း) ဟု သီးခြားမထားတော့ပါ။ ကိုးတန်းရောက်လျှင် ပူးတွဲ စာမေးပွဲဖြေ၊ တက္ကသိုလ်ဝင် အဆင့်ပါ အောင်လျှင် တက္ကသိုလ် ဆက်တက်နိုင်သည်။ HSF ခေါ်ကျောင်းထွက် လက်မှတ်ရ အဆင့်ပဲ အောင်လျှင် SLC ( School Leveing Cert ificate) ရသည်ဟု ခေါ်သည်။ နောင်အခါ ဆယ်တန်း(ခ) အဆင့် အောင်သည့်သဘောနှင့် တူညီသည်။

ပဲခူး နေရှင်နယ်ကျောင်းသည် ၁၉၂၀ ရန်ကုန်တက္ကသိုလ်သပိတ်ကြီး

ဖြစ်ပွားပြီးနောက် မြန်မာတစ်ပြည်လုံး အမျိုး သားကျောင်းများ တည်ထောင်ချိန် မှ စ၍ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ သပိတ်ခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သော ဆရာကြီး ဦးသာဒင်က ဦးဆောင်၍ စတင်ဖွင့် လှစ်ခဲ့သည်။လွတ်လပ်ရေးခေတ်တွင် ကျောင်းသားဟောင်းများ ဖြစ်ကြသော ပဲခူနေရှင်နယ် ကျောင်းသည် အလွတ်ပညာသင်ကျောင်းကြီး တစ်ကျောင်းအနေဖြင့် ထိပ်တန်းအဆင့်သို့ ရောက် လာသည်။ ဆရာကြီးဦးသန်းသည် နောင်အခါ ဖဆပလခေါင်းဆောင် ပြည်သူ့လွှတ်တော်အမတ်နှင့် ပါလီမန်အတွင်းဝန်ဖြစ်ခဲ့သည်။

အစိုးရကျောင်းများ သည် ထိုစဉ်က ငါးတန်းရောက်မှစပြီး အင်္ဂလိပ်စာ သင်နေချိန်တွင် ပဲခူးနေရှင်နယ်ကျောင်းက သူငယ်တန်းမှစပြီး အင်္ဂလိပ်စာကို သင်ကြားပေးသည်။ ကျွန်တော်သည် မြစ်ကျိုး အစိုးရ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင်မြင်ခဲ့သော်လည်း ကျောင်းတွင် အင်္ဂလိပ်စာ လုံးဝမသင်ခဲ့ရ။ ကံကောင်းချင်တော့ မြစ်ကျိုး ကျောင်းတွင် ဦးဖုန်းဟုခေါ်သော ကျောင်းဆရာကြီး တစ်ဦး ရှိသည်။ သူသည် စိတ်လိုက်မာန်ပါ လူသတ်မှု တစ်ခုဖြင့် တစ်ကျွန်းကျပြီး ကပ္ပလီကျွန်းသို့ အပို့ခံခဲ့ရရာမှ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်တွင် လွတ်ငြိမ်းခွင့်ရ၍ ပြန်ရောက်လာကာ မူလတန်းပြဆရာအလုပ်ရခြင်းဖြစ်သည်။ ကပ္ပလီကျွန်းတွင် အနေကြာခဲ့၍ အင်္ဂလိပ်စာကောင်းစွာ တတ်ကျွမ်းသည်။ အထူးသဖြင့် အသံထွက် အင်မတန်းကောင်းသည်။ အင်္ဂလိပ်စာသင်ချင်သော ကျောင်းသားကလေးများ ကို ဆရာဖုန်းက တစ်လသုံးကျပ်လခယူပြီး ကျူရှင်ပေးသည်။ နံနက် ခုနစ်နာရီမှ ရှစ်နာရီ၊ ရှစ်နာရီခွဲခန့်အထိ ကျွန်တော်တို့ ညီအစ်ကိုတတွေ အင်္ဂလိပ်စာကျူရှင်တက် ကြရသည်။ ကျွန်တော် သုံးတန်းနှင့် လေးတန်း၊ နှစ်နှစ်ကြာမျှ ဆရာဖုန်းထံတွင် အခြေခံအင်္ဂလိပ်စာ သင်ယူခဲ့ခြင်းကြောင့် ပဲခူ နေရှင်နယ်ကျောင်းတွင် ငါးတန်းနှင့် ညီမျှသော ၂-2တန်းကို တက်ခွင့် ရခြင်းဖြစ်သည်။

ကျွန်တော်သည် အစိုးရစစ်လေးတန်း အောင်မြင်ပြီးဖြစ်သော်လည်း အင်္ဂလိပ်စာ လုံးဝမ သင်သော အစိုးရမူလတန်းကျောင်းမှလာခဲ့သူဖြစ်၍ နေရှင်နယ်ကျောင်းက ၂-2 မပေးဘဲ တစ်တန်း နှိမ့်ပြီ ၂-3တွင် တက်ခိုင်းသည်။ ကျောင်းလိုက်အပ်ပေးသော အစ်ကိုကြီး

ဦးမြသန်းက ကျွန်တော့် အင်္ဂလိပ်စာအဆင့်အတန်းကို စစ်ဆေးပြီးမှ ဘယ်အတန်းတွင် ထားမည်ကို ဆုံးဖြတ်ပါရန် ပန်ကြားတော့မှ ဆရာမ ကြီး ဒေါ်ခင်ညွန့်က ကျွန်တော့်အား လေးတန်းအင်္ဂလိပ်စာအ ချို့ ကို အသံထွက်ပြီး ဖတ်ခိုင်းသည်။ ဆရာဖုန်း၏ ကျေးဇူးကားကြီးမားလေစွ။ လွန်ခဲ့သော နှစ်လခန့်အထိ ဆရာဖုန်း၏ ကြိမ်လုံးသံတရွှမ်းရွှမ်း အောက်တွင် ကျွန်တော်အထပ်ထပ် အခါခါ အော်ဆိုခဲ့ရသော စာများ ကိုပင် ဖတ်ရခြင်းဖြစ်၍ အထစ်အငေါ့မရှိ၊ ဒွာန်ကရိုဏ်းကျကျ ဖတ်ပြနိုင်ခဲ့ပါသည်။ တီချယ်ကြီးက "ဒီကလေး ဒီစာတွေ ဘယ်မှာ သင်ခဲ့တာလဲ"မေးရာ အစ်ကိုကြီးက "နိုင်ငံခြားက ပြန်လာတဲ့ အင်္ဂလိပ်စာပြဆရာကြီး တစ်ယောက်ထံမှာ သီးသန့် စာလိုက်ခဲ့တာပါ" ဟုပြန်ဖြေသည်။ တီချယ်ကြီး ကျေနပ်သွားပြီး ၂-2 မှာ လက်ခံလိုက်ပါသည်။ (ထိုစဉ်က နေရှင်နယ်ကျောင်းတွင် သူငယ်တန်းမှ စပြီးတန်းစဉ်တက်လာကာ ၂-2 သို့ ရောက်နေသော ပဲခူးသူကလေးတစ်ဦးသည် နောင်အခါ ကျွန်တော်၏ ဇနီးဒေါ်မြင့်မြင့်ဖြစ်လာ လေသည်။ ဤစကားချပ်။ )

နေရှင်နယ်ကျောင်းတွင် အင်မတန်စနစ်ကျသော ကျောင်းစာကြည့်တိုက်ရှိသည်။ ထိုစဉ်က j-2စာသင်ဆောင်၏ အောက်ထပ်တစ်ထပ်လုံးကို စာကြည့်တိုက် လုပ်ထားသည်။ စာအုပ်ဗီရိုကြီးများ အစီအရီ၊ စာအုပ်စာရင်းကတ်တလောက်များ နှင့် စနစ်တကျထားရှိသည်။ အထက်တန်းကျောင်းသားထဲက စာပေဝါသနာပါသူလည်းဖြစ်၊ ငွေကြေးချို့တဲ့သူလည်းဖြစ်သူ တစ်ဦးဦးကို ကျောင်းလခလွတ်အပြင် လစာပေး၍ စာကြည့်တိုက်မှူး ခန့်ထားသည်။ နောင်အခါ ကျွန်တော့်သူငယ်ချင်းတစ်ဦးသည် နှစ်နှစ်ခန့် စာကြည့်တိုက်မှူး ဝင်လုပ်ခဲ့ဖူးသည်။ လစာမှာ တစ်လ ၁၅ကျပ်ခန့်ဟု ထင်ပါသည်။

နေရှင်နယ်ကျောင်း စာကြည့်တိုက်သည် ကျွန်တော့်အဖို့ ထန်းလျက်အိုးတွေ့ရသလို၊ ရေငတ်တုန်း ရေတွင်းကျသကဲ့သို့ ဖြစ် သွားပါသည်။ နေ့လယ်မုန့်စားလွှတ်ချိန် တစ်ချိန်လုံး စာကြည့်တိုက်တွင် စာထိုင်ဖတ်သည်။ နေ့လယ်မုန့်စားလွှတ်ချိန်တစ်ချိန်လုံး စာကြည့်တိုက်တွင် စာထိုင်ဖတ်သည်။ ညနေကျောင်းလွှတ်တော့ စာအုပ်တစ်အုပ် ပုံမှန်ငှားပြီး မှ အိမ်ပြန်သည် ဒါနှင့်လည်း

မလုံလောက်တော့ မင်းလမ်းရှိ “ဇော်မင်း” စာအုပ်ဆိုင်သို့ ရောက် သွားသည်။ ထိုဆိုင်တွင် စာအုပ်များ မကြာခဏ သွားဝယ်ရသော ကျောင်းစာကြည့်တိုက်မှူး က ခေါ်သွားပြီး မိတ်ဆက်ပေးခြင်းဖြစ်သည်။ ဝေါမြို့ ကစာအုပ်ဆိုင်ထက်ပို၍ စာအုပ်စုံသော ဇော်မင်းဆိုင်ကို ကျွန်တော်အရမ်းသဘောကျသွားသည်။ ကျောင်းလွှတ်လျှင် ကျောင်းစာကြည့်တိုက်က ငှားလာသော စာအုပ်ကို လွယ်အိတ်ထဲထည့်ပြီး ဇော်မင်းဆိုင်သို့ သွားသည်။ စာအုပ်ကောင်တာတွင် တင်ထားသော စာအုပ်ထဲက စိတ်ကြိုက်ကောက်ယူပြီး မတ်တပ်ဖတ်သည်။ ဆိုင်ရှင် အဒေါ်ကြီးက မငြိုမငြင် ဖတ်ခွင့်ပြုသည်။ ကျွန်တော်က အားနာ၍ တစ်လ တစ်ကြိမ်လောက်တော့ စာအုပ်နည်းနည်းပါးပါးဝယ်ပါသည်။ နောင် ၁၀နှစ်၊ ၁၅ နှစ်ကြာပြီး ကျွန်တော်သတင်းစာ အယ်ဒီတာ၊ စာရေးဆရာ ဖြစ်လာသော အခါ ပဲခူးသို့ ပြန်ရောက်တိုင်း ဇော်မင်းစာအုပ်ဆိုင်သို့ သွား၍ အဒေါ်ကြီး ကိုချစ်ခင်စွာ နှုတ်ဆက်ပါသည်။ ဆိုင်ရှင်အဒေါ်ကြီးက ဟျာဟျာသလဲ လှိုက်လှဲဝမ်းသာ ဧည့်ဝတ်ပြုသည်။ ဒါတင်မက ထိုအချိန်တွင် ဆိုင်သို့ ရောက်နေပြီး စာအုပ်ရွေးနေသော စာဖတ်သူဖောက်သည်များ အား အော်ကြီးဟစ်ကျယ် ပြောပြတတ်သေးသည်။ “ဦးဘယ်သူရေ..... မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက စာရေးဆရာမောင်ဝံသလေ၊ သိတယ်မဟုတ်လား။ ကစ်ဆင်းဂျားတို့ မိုရှေဒါယန်းတို့ရေးတာလေ။ ကျုပ်တူကြီးနေရှင်နယ် ကျောင်းသား ဘဝတုန်းက ဒီမှာ အမြဲစာလာဖတ်တာ။ ဟောဒီကောင်တာမှာ သူ့မေးစေ့ကလေး တင်နိုင်ရုံ အရွယ်ပေါ့။ အောင်မယ်တစ်ခါတစ်ခါများ တစ်နာရီလောက်ကိုကြာတယ်။ အင်းလေ....... ဒါကြောင့်လည်း စာရေးဆရာဖြစ်တာပေါ့” စာအုပ်ဆိုင်ရှင် အဒေါ်ကြီး ဝမ်းသာအားရ မိတ်ဆက်ပေးတိုင်းကျွန်တော်မျက်နှာတွေပူထူနေ တက်သည်။ တကယ်က စာအုပ်ဝယ်သူတိုင်းက “မောင်ဝံသ”ကိုသိကြမည် မဟုတ်။ ကျွန်တော်ရေး သော စာအုပ်တွေက နိုင်ငံရေးစိတ်ဝင်စားသူ လောက်သာကျွန်တော့်ကလောင်ကိုသိကြဖွယ် ရှိသည်။ သို့ရာတွင် သူ့ဖောက်သည်တွေနှင့် အားပါးတရ မိတ်ဆက်ပေးနေဆဲပင်။ ယခုတော့ သူတို့ဆိုင်နေရာ မင်းလမ်းမှာ မရှိတော့ဟု သိရသည်။ ကျွန်တော်လည်း မရောက်သည်မှာ နှစ်ချီပြီး ကြာခဲ့သည်ဖြစ်၍ ဘယ်ဆီဘယ်ဝယ်မသိတော့။ သို့ရာတွင် ကျွန်တော်၏ စာပေဝါသနာ အညွန့်ညှောင့်ကလေးကို ရေလောင်းပေးခဲ့သော ဇော်မင်း စာအုပ်ဆိုင်၏

ကျေးရူးကိုကာ ကျွန်တော့်အဖို့ “မမေ့တဲ့ နိုင်” ပါပဲ။

# မောင်ဝံသ

(၄)

ကျောင်းတော်ကြေးမုံမဂ္ဂဇင်း

ပဲခူးနေရှင်နယ်ကျောင်း၏ ကျောင်းဝတ်စုံမှာ လုံချည်အနီ၊ ရှပ်အင်္ကျီအဖြူ တိုက်ပုံအင်္ကျီ ပင်နီရောင်ဖြစ်သည်။ (ထိုစဉ်က အစိုးရကျောင်းဝတ်စုံမှာ လုံချအပြာဖြစ်သည်။ ) ကျွန်တော်တို့ ကျောင်းက နှစ်စဉ် အမျိုး သားအောင်ပွဲနေ့တိုင်း (၁၉၂၀ ကျောင်းသားသပိတ်ကြီးကို ဂုဏ်ပြုသော အားဖြင့် ) စီတန်းလှည့်လည်ကြသည်။ မြို့ သူမြို့ သားများ က လမ်းတစ်လျှောက်အကျွေး အမွေးများ ဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။ ကျွန်တော်တို့ကလည်း အိုးစည်ဝိုင်း၊ ဒိုးပတ်ဝိုင်း၊ အကအခုန်များ ဖြင့် လမ်းတစ်လျှောက် ဖျော်ဖြေကြသည်။ နံနက်ပိုင်းတွင် ဆွမ်းတော်ကြီးတင်၊ နေ့လယ်ပိုင်းတွင် ဆရာကန်တော့ပွဲ၊ ညနေပိုင်းတွင် နေရှင်နယ်ကျောင်းသားဟောင်းများ မိတ်ဆုံ ထမင်းစားပွဲ၊ ရန်ကုန်မှ နာမည်ကြီးအငြိမ့်များ ကို ငှား၍ ပွဲသွင်းသည်။ နှစ်စဉ် တန်ဆောင် မုန်းလဆိုလျှင် နေရှင်နယ် ကျောင်းသားကျောင်းသူများ အလုပ်များ ကြပြီး၊ အလှူခံထွက်၊ ဇာတ် တိုက်၊ အခန်းအနားများ အတွက်ပြင်ဆင်၊ နောင်ကြီးလာလျှင် အဖွဲ့ အစည်းနှင့် တက်ညီလက်ညီ ဆောင်ရွက်တက်ကြစေရန် လေ့ကျင့်နေကြသကဲ့သို့ ပင်။

နှစ်စဉ် အမျိုး သားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင် ထုတ်ဝေခြင်းမှာ ကျွန်တော်တို့မရောက်မီ ဘယ်နှစ်ကစ၍ အစဉ်အလာရှိခဲ့သည်မသိ။ ကျွန်တော် နေရှင်နယ် ကျောင်းသားဖြစ်လာချိန်တွင် ပုံမှန်ဖတ်ရှုနေရပြီဖြစ်သည်။ ကျွန်တော်သည် နံရံကပ်စာစောင်ရှေ့ တွင် တမော့မော့နှင့် စာဖတ်သူအဖြစ် နှစ်နှစ်ခန့် နေခဲ့ပြီးနောက် Senior – 3 (ခုနစ်တန်း) အရောက်တွင် ကဗျာအတိုအစလေးများ စ,ရေးကာ နံရံကပ်စာစောင်အတွက်စာမူ ထည့်ရသည့် ပုံး ထဲ သွားသွားထည့်သည်။ ငါးပုဒ် တစ်ပုဒ်နှုန်းလောက် ရွေးချယ်ဖော်ပြခံရပါသည်။ ထိုစဉ်က နံရံကပ်စာစောင် အယ်ဒီတာများ ကို ကျေးဇူးတင်လှပါသည်။ နံရံကပ်စာစောင်အဆင့်ပြီးတော့

“ကျောင်းတော်ကြေးမုံ”အမည်ဖြင့် ထုတ်ဝေသော နေရှင်နယ်ကျောင်း၏ နှစ်ပတ်လည်မဂ္ဂဇင်းသို့ ကလောင်ပေါက်စ ခြေဆန့်လေသည်။ ကျောင်းတော်ကြေးမုံ မဂ္ဂဇင်းကို ပဲခူးမှာ ပင် ပုံနှိပ်သည်။ လိပ်ပြာကန်ရပ်ရှိ မြန်မာ့ဟိတ စာပုံနှိပ် တိုက်တွင် ရိုက်နှိပ်သည်ဟု ကျွန်တော်မှတ်မိနေသည်။ ပန်းချီဘလောက်များ ကို နှစ်တိုင်းအသစ် ထပ်၍ မလုပ်ဘဲ အတော်များများ အဟောင်းတွေကိုချည်း ပြန်သုံးလေ့ရှိ၍ မျက်စိထဲ အလွတ်ရနေသည်။ စာမူ များ မှာ လည်း လက်ရှိ ကျောင်းသားကျောင်းသူကလောင်လက်သင်က လေးများ နှင့်ကျောင်းသာဟောင်းကြီးများ ၏ စာမူ များ ကိုသာ အဓိကထားပြီး သုံးစွဲသည်။ ပြင်ပစာရေးဆရာဆို၍ ထိုစဉ်ကပဲခူးသား တက်သစ်စစာရေးဆရာတစ်ဦးဖြစ်သော မောင်သိန်းဆိုင် ၏ ဝတ္ထု ထည့်ခဲ့ဖူးသည်ကို မှတ်မိပါသည်။

ကျွန်တော်သည် အသက်၁၄နှစ် သား၊ Senior 2(ရှစ်တန်း)တွင် “မေတ္တာမွန်၏ ဆုံးဇာတ်လမ်း” ဟုသော အချစ်နှင့် စွန့်စားခန်းစိတ်ကူးယဉ်ဝတ္ထုတိုတစ်ပုဒ်ကို ရေးပြီး စာမူ ပုံး ထဲထည့်လိုက်ရာ မဂ္ဂဇင်းထွက်လာသောအခါ သရုပ်ဖော် ပန်းချီပုံအသစ်နှင့် ဖော်ပြထားသည် ကို တွေ့ရသည်။ ဝမ်းသာခြင်း ကြည်နူးပီတိဖြစ်ခြင်းကား တုနှိုင်းဖွယ်ရာမရှိတော့ပြီ။ ကလောင်သစ် တိုင်းကြုံရဖူးသော အတိုင်းမသိပျော်ရွှင်ခြင်းမျိုး ကျွန်တော်လည်း ခံစားခဲ့ရပါသည်။ နံရံကပ် စာစောင်တုန်းက ကိုယ့်ကဗျာကို လက်ရေးလှလှကလေးနှင့် ကူးပြီးကပ်ထားသည်ကို တွေ့ခြင်းဖြစ် သည်။ ယခုပုံနှိပ်စာလုံးနှင့် ရောင်စုံပုံလှလှကလေးများ နှင်ကိုယ်ရေး တဲ့ဝတ္ထုကို တွေ့လိုက်ရတော့ ကျွန်တော်သည် တစ်ခါတည်း စာရေးဆရာဖြစ်သွားပြီဟု၍ ပင် အောက်မေ့လိုက်မိသည်။

အဲဒီ အချိန်ကစပြီး ကျွန်တော် စာပေစျာန် ဝင်သွားခဲ့တာကတော့ သေချာပါသည်။ ကျောင်းစာ ကျက်မှတ်ခြင်းကလွဲ၍ စာဖတ်ခြင်း၊ စာရေးခြင်း သည်သာလျှင် ကျွန်တော်၏ အာရုံအစိုက်ဆုံး အလုပ်ဖြစ်လာသည်။ ကျွန်တော်၏ စာပေဝါသနာကိုသိသော ဆရာ၊ ဆရာမ များ က နောက်နှစ် `ကျောင်းတော်ကြေးမုံ´ မဂ္ဂဇင်းကော်မတီတွင် ကျွန်တော့်ကို စာပေအမှု ဆောင်အဖြစ် ထည့်သွင်း လိုက်သည်။ တကယ်တော့ ကော်မတီ၏ “ခိုင်းဖတ်”ပါပဲ။

မြန်မာ့ဟိတ ပုံနှိပ်တိုက်မှာ ကျွန်တော်တို့ အိမ်နှင့် နီးနီးကလေးဖြစ်၍ ပုံနှိပ်တိုင်တွင် အချိန်ပြည့်လိုလိုသွား၍ ထိုင်ပေးရသည်။ ခဲစာလုံးနည်း နည်းသာရှိသောကြောင့် စာတစ်ဖောင်စီ၊ စီပြီး စာကိုရိုက်၊ ထိုဖောင်မှ ခဲစာလုံးများ ကို ပြန်ပစ်ပြီးမှ နောက်တစ်ဖောင်ပြန်စီနိုင်သည်။ အင်မတန်မှ စိတ်ရှည်သည်းခံရသော အလုပ်ကို ကျွန်တော်သည်။ ၁၅ နှစ်သားအရွယ်တွင် နဖူးတွေ့၊ ဒူးတွေ့ ကြုံတွေ့ခဲ့ရသည်။ ထိုသို့ ကြုံရသော ကြောင့်လည်း ကျွန်တော်သည် ပုံနှိပ်မင် စွန်းခဲ့ခြင်းဖြစ်သည်။ “ပုံနှိပ်မင်စွန်းပြီးလျှင် စာပေနယ်၊ သတင်းစာနယ်မှ မထွက်နိုင်တော့”ဟူသော အစွဲအလမ်း ဆိုရိုးစကားသည် တကယ်ပဲ မှန်သလားမသိ၊ ကျွန်တော်သည် ထိုအချိန်မှစ၍ စာပေနယ်၊ သတင်းစာနယ်တွင် တဝဲရယ်တဲ့ တလည်လည် ဖြစ်နေပါတော့သည်။

(၅)

ရွှေရတုမှ စိန်ရတုသို့

ဝေါမြို့နယ်၊ မြစ်ကျိုး ဇာတိဖြစ်သော ကျွန်တော်တို့၏ ဘဝအစိတ်အပိုင်းအချို့မှ အတွေ့အကြုံနှင့်ခံစားချက်အချို့ကို "ဝေါမြို့က လာခဲ့တယ်"ခေါင်းစဉ်အောင်တွင် ရေးသားလာခဲ့ သည်မှာ ဆောင်းပါးသုံးပုဒ်ရှိခဲ့ပါပြီ။ ပြီးခဲ့သော တတိယဆောင်းပါးတွင် ကျွန်တော်ပညာရင်နို့ သောက်စို့ခဲ့သော ပဲခူးမြို့ နေရှင်နယ်ကျောင်းခေါ် အမျိုးသားတန်းမြင့်ကျောင်းနှင့် စပ်လျဉ်း၍ အကျဉ်းမျှဖေါ်ပြခဲ့ပါသည်။ ကျေးဇူးကြီးလှသော ကျောင်းတော်ကြီးအကြောင်းကို ကျွန်တော်၏ စာရေးသက်တစ်လျှောက်တွင် အလျဉ်းသင့်သလို ရေးသားခဲ့သည်များ ရှိပါသည်။ ယင်းတို့အနက် ၁၉၉၅ ခုနှစ်၊ ၇၅ နှစ်မြောက် အမျိုး သားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးအမျိုး သားကျောင်းသားဟောင်းများ ဦးစီးထုတ်ဝေသော ``စိန်ရတုစာစောင်´´ ၌ `` ကျောင်းတော်ကြီး၏ ကျေးဇူး´´အပေါ် ကျွန်တော် ထားရှိသော သံယောဇဉ်ကို အတန်အသင့် ထင်ဟပ်နိုင်ဖွယ်ရှိသည်ဟု ယူဆပါ၍ ပြန်လည်ကူးယူဖော်ပြလိုက်ပါသည်။

ကျောင်းတော်ကြီး၏ ကျေးဇူး

(၁)

ကျောင်းတော်ကြီး၏ စိန်ရတုမင်္ဂလာ ထုတ်တော့မည် ဆိုတော့ ကျွန်တော့ရင်ထဲကြည် နူးပီတိဖြစ်မိခြင်းနှင့် တပြိုင်တည်း တွင် လွမ်းဆွတ်တသသော ခံစားမှုများ လည်း ဖြစ်ပေါ်လာပါ ၏ ။

တော်ရုံတန်ရုံ တည်တံ့နိုင်ခဲသော မနည်းလှသည့် အချိန်ကာလ (၇၅)နှစ် စိန်ရတုသက်တမ်းသို့ ကျောင်းတော်ကြီးသည် ရင့်ကျက်တည်ငြိမ်စွာ ဖြင့် ချဉ်းနင်းဝင်ရောက်လာပြီကော။ ဤသက်တမ်းတစ်လျှောက်လုံးမှာ လည်း

ကျောင်းတော်ကြီးသည် ဂုဏ်ရောင်းထွန်းပြောင်စွာ ဖြင့် မြန်မာနိုင်ငံပညာရေးသမိုင်းတွင် အထင်ကရ မှတ်တိုင်များ စိုက်ထူနိုင်ခဲ့သည် မဟုတ်ပါလော။ ဤအသိ ဤအမြင်ဖြင့် ကျွန်တော်သည် ကြည်နူးပီတိပွားမိပါ၏ ။

လွမ်းဆွတ်တသခြင်းသည်ကား ကျွန်တော်တို့အား ခွဲခွာသွားခဲ့ကြပြီဖြစ်သော ဆရာကြီး၊ ဆရာမ ကြီးများ နှင့် အချို့ ချို့ သော ကျောင်းနေဖက်သူငယ်ချင်းများ အား "သြော်......... ဤအချိန်၊ ဤကာလ၊ ဤအခါသမယအထိ သူတို့တစ်တွေပါ အတူရှိနေကြပါက အဘယ်မျှပို၍ ပျော်စရာ ကောင်းလိုက်ချေအံ့နည်း"ဟု မြင်ယောင်မှန်းဆ တမ်းတမိခြင်းဖြစ်ပါသည်။

အထူးသဖြင့် ကျောင်းတော်ကြီး၏ နှစ်(၅၀) ပြည့်ရွှေရတုအထိမ်းအမှတ်မဂ္ဂဇင်းကြီး ထုတ်ဝေချိန်တွင် လက်တွဲ လုပ်ကိုင်ခဲ့သော ကျွန်တော့်မိတ်ဆွေအချို့ ယခုမရှိတော့ပါပြီ။ ထိုစဉ်က ကျွန်တော့်အိမ်သို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ မဂ္ဂဇင်း ကြီးကြပ်ညွှန်ကြားခဲ့သော ဆရာကြီးဦးသန်းမှာ လည်း စိန်ရတုနှစ်အတွင်း ချဉ်းနင်းဝင်ရောက်ချိန်မှာ ပင် ကွယ်လွန်ခဲ့ရှာပါပြီ။

သို့ရာတွင် ရွှေရတုမဂ္ဂဇင်းကို ဦးဆောင်ထုတ်ဝေခဲ့သော ဆရာဦးထွန်းညွှန့်၊ ဆရာဦးမျိုး မြင့်၊ ဆရာဦးမြဟန်( ဆရာ လူမင်းဟန်- ပျဉ်းမနား)၊ သူငယ်ချင်း ကိုစန်းမောင် စသူတို့အား တက်ကြွဆဲ၊ လန်းဆန်းဆဲ အသွင်များ ဖြင့် တွေ့ကမြင်နေရ၍ စိတ်ဖြေသာပါ၏ ။

(၂)

ကျွန်တော်သည် ပဲခူးမြို့ အမျိုး သားတန်းမြင့်ကျောင်း၏ နှစ်ပတ်လည်စာစောင်ဖြစ်သော "ကျောင်းတော်ကြေးမုံ" မဂ္ဂဇင်းမှ မွေးထုတ်ပေးလိုက်သော ကလောင်တစ်ချောင်းဖြစ်ပါသည်။ ကျောင်းတော်ကြီးနံရံကပ်စာစောင်များ နှင့် "ကျောင်းတော်ကျေးမုံ" နှစ်ပတ်လည်မဂ္ဂဇင်းများ တွင် ကလောင်သွေးခဲ့ရာမှ စာရေးခြင်း အလုပ်ဖြင့် လုံးလုံးလျားလျား အသက်မွေးဝမ်းကျောင်းပြုသော သတင်းစာသမား၊ စာပေသမား၊ တစ်ယောက်ဖြစ်လာခဲ့ကြောင်း အစဉ်အမြဲ ဂုဏ်ယူစွာ ထုတ်ဖော် ခဲ့သူ ဖြစ်ပါ၏

။

သတင်းစာဆရာ၊ စာရေးဆရာကြီး ဦးသိန်းဖေမြင့်က ကျွန်တော်တို့၏ ကျောင်းတော်ကြီး သမိုင်းကို (ရွှေရတုမဂ္ဂဇင်းမှ ဆရာဦးထွန်းညွှန့်၏ ရေးသားချက်များ အား ကိုးကား၍ ) မိုလ်တထောင် သတင်းစာ၌ ၁၉၇၂ ခုနှစ်တွင် အခန်းဆက်ဆောင်းပါး ရှည်ကြီး ရေးသားခဲ့ရာ၌ ပဲခူးမြို့ အမျိုး သားကျောင်းထွက်များ ထဲမှ သတင်းစာသမားဖြစ်လာသူ တစ်ဦးအဖြစ် ကျွန်တော့် နာမည်ကို မှတ်မှတ်ရရ ထည့်သွင်းခြင်းခံရသည်ကိုလည်း ဂုဏ်ယူခဲ့မိပါသည်။

ကျောင်းတော်ကြီး၏ အရင်းခံမှု လကျော့ရူးဖြင့် သတင်းစာသမား၊ စာပေသမားဖြစ်လာ ခဲ့သော ကျွန်တော်သည် ၁၉၇၀ ပြည့်နှစ်၌ ရွှေရတုမဂ္ဂဇင်းထုတ်ဝေချိန်တွင် မြန်မာ့အလင်းသတင်း စာအယ်ဒီတာဖြစ်နေပါပြီ။ ထိုအချိန်က ကျွန်တော်တို့သည် ရွှေရတုအထိမ်းအမှတ် မဂ္ဂဇင်းကြီး ဖြစ်မြောက်ရေးအတွက် တက်ညီလက်ညီ ကြိုး စားခဲ့ကြပါသည်။ ဆရာလူမင်းဟန်နှင့် အဖွဲ့သည် ကျွန်တော့်အိမ်၌ အိပ်စား၍ နေမအား၊ ညမအား၊ အလုပ်လုပ်ခဲ့ကြပါသည်။ ဆရာဦးထွန်းညွှန့် ကလည်း ကျောင်းတော်ကြီး၏ အတ္ထုပ္ပတ္တိစာတမ်းကြီးကို အပြည့်စုံဆုံး သုတေသနပြုရေးသား၍ မှတ်တိုင်ထူခဲ့ပါသည်။ ကျွန်တော်ကမူ ကြည်ညိုလေးစားအပ်သော စာပေပညာရှင်ကြီးများ၊ စာရေးဆရာကြီးများ ထံမှ စာမူ များ ကို စေ့စေ့ငငတောင်းခံပေးခြင်း၊ ပုံနှိပ်လုပ်ငန်းကိစ္စများ တွင် ဆရာမျှား က မျက်နှာလွှဲရအောင် တာဝန်ယူပေးခြင်းဖြင့် ကျောင်းတော်ကြီး၏ ကျေးရူးကို အုတ်တစ် ချပ်၊ သဲတစ်ပွင့်မျှ ဆပ်နိုင်ရန် ကြိုး စားခဲ့ပါသည်။

ဆရာမျှား နှင့် ကျွန်တော်တို့၏ ကြိုး ပမ်းချက် အောင်မြင်ခဲ့သည်ဟု ဆိုနိုင်ပါသည်။ ပဲခူး အမျိုး သားကျောင်း၏ ရွှေရတု မဂ္ဂဇင်းအား ထိုစဉ်က သတင်းစာကြီးများ ၏ ပင်တိုင်ဆောင်းပါးရှင် များ ကပင် ချီးကျူး ရေးသားခဲ့ကြပါသည်။စာကြေးမုံ ဦးကြီးမောင်(ဆရာငွေဥဒေါင်း) ကဆိုလျှင် “အမျိုး သားကျောင်းရွှေရတုမဂ္ဂဇင်းသည် ပုံမှန်လစဉ်ထုတ်ဝေနေသော မဂ္ဂဇင်းကြီးများ ၏ အဆင့်ကို မီရုံမျှမက အစဉ်အမြဲ လက်စွဲပြု ကိုးကားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပေသည်”ဟု၍ ပင်

ညွှန်းဆိုရေးသားခဲ့သည်ကိုမှတ်မိနေပါသည်။ ဆရာဦးသိန်းဖေမြင့်ကမူ အထက်တွင် ဖော်ပြခဲ့သည့် အတိုင်း ကျောင်းတော်ကြီး၏ ထူးချွန်မှု သမိုင်းကို ရွှေရတုမဂ္ဂဇင်းမှ ထုတ်နှုတ်ကိုးကား၍ အကျယ် တဝင့် ရေးသားခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်က ရွှေရတုမဂ္ဂဇင်း ထုတ်ဝေမှု ပြီးစီး၍ များ မကြာမီ အမျိုးသားအောင်ပွဲနေ့ ရွှေရတုသဘင် အခမ်းအနားကြီးကိုလည်း စည်းကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာရေးဆရာကြီးများ အနက်အချို့ကို ပဲခူးမြို့သို့ ဖိတ်ကြား၍ ကျွန်တော်တို့ ကျောင်းတော်ကြီး၏ ရွှေရတုပွဲသဘင် အစီအစဉ်များကို လေ့လာစေခဲ့ပါသည်။ ကျွန်တော်မှတ်မိ သမျှ ဆရာပါရဂူ၊ ဆရာတင့်တယ်၊ ဆရာဂျာနယ်ကျော်တင့်ဆွေ၊ ဆရာကျော် မင်းကျော်၊ ဆရာချစ်စံဝင်း၊ ဆရာပီကျိုးမင်း၊ ဆရာတက္ကသိုလ်မြတ်သူတို့ပါဝင်ကြပါသည်။ ဧည့်သည် စာရေး ဆရာများ သည် ကျောင်းတော်ကြီး၏ ခမ်းနားသိုက်မြိုက်မှု ကို မျက်ဝါးထင်ထင် တွေ့မြင်လေ့လာ ခဲ့ကြပြီး မဂ္ဂဇင်းဂျာနယ်များ တွင် ဆောင်းပါးများ ပြန်ရေးခဲ့ကြပါသည်။

(၃)

ယခု(၁၉၉၅) ဆိုလျှင် ဘာလိုလိုနှင့် ၂၅ နှစ်မျှကြာခဲ့ပါပြီ။ ၂၅နှစ်ဟူသည် မျိုးဆက် တစ်ဆက် ကာလအပိုင်းအခြားဖြစ်ပါ၏ ။ ငွေရတုမျိုး ဆက်မှ ရွှေရတုမျိုးဆက်၊ ထိုမှတစ်ဖန် ယခုစိန် မျိုး ဆက်။

(၇၅) နှစ်တာကာလအတွင်း ကျောင်းတော်ကြီးမှ မွေးထုတ်ပေးခဲ့သော သားကောင်း ရတနာ၊ သမီးကောင်းရတနာများ သည် မည်မျှများ ခဲ့ပါပြီနည်း။ ဘဝစုံ၊ နယ်ပယ်စုံတွင် ကျင်လည်ခဲ့ကြကုန်သော ပဲခူးအမျိုး သားကျောင်းထွက်များ သည် ကွဲပြားခြားနားသော အသက် မွေးဝမ်းကျောင်း အလုပ်အကိုင်အနေအထိုင်၊ အဆင်အတန်း မည်သို့ ပင်ရှိကြစေကာမူ "ပဲခူးအမျိုး သား ကျောင်းထွက်"ဟူသောဂုဏ်ပုဒ်ကိုကား တူညီစွာ ခံယူ နှလုံးသွင်းကြစမြဲဖြစ်ပါသည်။

အခြားခြားသော အမြို့ မြို့ အနယ်နယ် အထင်ကရကျောင်းကြီးများ မှ

ကျောင်းသား ကျောင်းသူဟောင်းများ သည်လည်း "ကျောင်းသံယောဇဉ်" အသီးသီးရှိကြသည်ကို ကျွန်တော်တွေ့ ဖူးသည်။သူတို့သည် သူတို့ဆရာ၊ သူတို့ကျောင်း ၊ သူတို့ကျောင်းသားဟောင်းများ ကို သံယောဇဉ် ရှိကြသည်။ သာရေးနာရေးများ တွင် သိုင်းသိုင်းဝိုင်းဝိုင်းကူညီရိုင်းပင်းကြသည်။ မုဒိတာဖြစ်ဖွယ်ပင်။ ကျွန်တော်တို့ အမျိုး သားကျောင်းထွက်များ က သူတို့ထက်ဝိသေသနထူးသည်မှာ "ကျောင်းသံ ယောဇဉ်"မျှသာမက အမျိုး သားရေးအမွေခံစိတ်ဓါတ်ဖြစ်သည်ဟု ဆိုချင်ပါသည်။ အမျိုး သားစိတ် ဓာတ်(National Spirit)သည် လက်ဆင့်ကမ်း အမွေဖြစ်ပါသည်။ ရှေးလူကောင်းမှနှောင်းလူရ တတ်သော စိတ်ဓာတ်ဖြစ်ပါသည်။

ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး ၊ ကိုယ့်ဘာသာစကားနှင့် ယဉ်ကျေးမှု ကိုချစ်မြတ်နိုးခြင်း၊ ထိန်းသိမ်းခြင်း၊ မြှင့်တင်ခြင်းသည် အမျိုး သားစိတ်ဓာတ်ဖြစ်ပါသည်။

ကျွန်တော်တို့ ကျောင်းတော်ကြီးက ဤအမျိုး သားစိတ်ဓာတ်ကို လက်ဆင့်ကမ်းအမွေပေးခဲ့ ပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၄၀ကျော်က ကျွန်တော်သည် ဝေါမြို့ နယ် မြစ်ကျိုး မှ မူ လတန်း အောင်ပြီးနောက် ပဲခူးမြို့ အမျိုး သားတန်းမြင့်ကျောင်းတွင် ပညာဆက်လက်သင်ကြားခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်တော်သည် ကျောင်းဝတ်စုံပုဆိုးအနီ၊ ပင်နီအင်္ကျီတို့နှင့် ယဉ်ပါးလာခဲ့သည်။ စနစ်တကျဖွင့်လှစ်ထားသော ကျောင်းစာကြည့်တိုက်မှ စာအုပ်များ ကိုစုံစုံမက်မက်ဖတ်ရှု လေ့လာ တတ်သည့် အလေ့အကျင့် ရခဲ့သည်။ ကျောင်းနံရံကပ်စာစောင်များ နှင့် နှစ်ပတ်လည်ကျောင်းတော် ကြေးမုံ"မဂ္ဂဇင်းတို့၌ ကလောင်သွေးခွင့်ရလိုက်ခဲ့သည်။ ဆရာမ ကြီးဒေါ်ခင်ညွန့်မှအစဆရာကြီးဦးသန်းအဆုံး ကျောင်းတော်ကြီးမှ အင်္ဂလိပ်စာပြဆရာ၊ ဆရာမ များ ၏ အင်္ဂလိပ်စာသင်ပြမှု က အခြေခံ ခိုင်မာလာခဲ့၍ ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်တွင်လည်ကောင်း၊ သတင်းစာနှင့် စာပေနယ် တွင်လည်းကောင်း အင်္ဂလိပ်စာနှင့် ပတ်သက်၍ မျက်နှာမငယ်ရသော အခြေအနေသို့ ရောက် လာခဲ့သည်။ ဘာသာပြန် စာရေးဆရာတစ်ဦးဖြစ်လာခဲ့သည်။

ဆရာကြီး ဦးဘကြည်၊ ဆရာမ ကြီး ဒေါ်မြကြည်၊ ဆရာမ ကြီး ဒေါ်သန်းချစ်တို့၏ စည်းကမ်းအောက်တွင် အပိုးကျိုး စွာ နေခဲ့ရ၍ နှောင်သောအခါ ဘာပဲလုပ်လုပ် စည်းနှင့်

ကမ်းနှင့် အလုပ်လုပ်တက်သော အကျင့် ကောင်းကို ရရှိလာခဲ့သည်။ ဆရာကြီး ဦးသက်တင် ရာဇဝင် သင်ရင်း၊ မြန်မာစာသင်ရင်း ညှပ်၍ ညှပ်၍ ပြောလေ့ရှိသော ဝံသာနုတရားများ ကို နားထဲစွဲလာခဲ့၍ နိုင်ငံရေးနိုးကြားစိတ် အညွန့်အညှောက် ပြူထွက်လာခဲ့သည်။

ထူးချွန်ထင်ရှားသော ပညာရေးသမားကြီးမျှသာမက ဖဆပလ ပြည်သူ့လွှတ်တော်အမတ်၊ ပါလီမန်အတွင်းဝန် အဆင့်ထိ တိုင်းပြည်တာဝန်ကို ထမ်းဆောင်ခဲ့သော ဆရာကြီးဦးသန်းသည် ကား ကျွန်တော့်နှလုံးသားထဲတွင် မပျောက်မပျက် စွဲထင်နေသော စံနမူ နာပုံရိပ်တစ်ခုဖြစ်ခဲ့ပါ၏ ။ “ဆရာ့ဘဝမှာ နိုင်ငံရေးကို ဖြူဖြူ စင်စင်လုပ်နိုင်သူတွေ ပေါ်ထွက်လာစေချင်တယ်” ဟုဆရာကြီး ဦးသန်းပြောဖူးသော စကားများ ကို ကြားယောင်နေဆဲရှိပါသည်။

ကျောင်းတော်ကြီးက နှစ်စဉ်ကျင်းပမြဲဖြစ်သော အမျိုး သားအောင်ပွဲနေ့စီတန်းလှည့်လည်ပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆရာကန်တော့ပွဲ၊ ကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ၊ နှစ်ပတ်လည် အားစကားပြိုင်ပွဲ စသည်များ က ကျွန်တော်တို့အား စိတ်ပိုင်း၊ ရုပ်ပိုင်း နှစ်ကဏ္ဍစလုံးမှ ပြုစုပျိုး ထောင်ပေးခဲ့ပါသည်။

(၄)

သို့ဖြင့် ကျွန်တော်သည် ဖူးပွင့်ရန် အားယူစပန်းကလေးနှင့် တူသောအရွယ်တွင် ကျောင်း ကောင်း၊ ဆရာကောင်း၊ ပတ်ဝန်းကျင်ကောင်းတို့နှင့် ကြုံတွေ့ခဲ့ရ၍ ကံကောင်းလှသည်ဟု သုံးသပ် မိပါသည်။ ကျောင်းတော်ကြီးကကျွန်တော်အား တစ်သက်တာ လူတစ်လုံးသူတစ်လုံး ဖြစ်စေမည့် “ပညာအခြေခံကို ပေးလိုက်ရုံမက တိုင်းပြည်တွင် အလိုအပ်ဆုံးဟု ဆိုနိုင်သည့် “အမျိုး သား စိတ်ဓာတ်”တည်းဟူသော “သညာ”ကိုပါ သွတ်သွင်းပေးလိုက်ပါသည်။

သို့ရာတွင် ဃရာဝါသကိစ္စများ မြောင် လူတို့ဘောင်၌ ကျင်လည်နေသည်ဖြစ်၍ ရံဖန်ရံခါ များ ၌ ကျောင်းတော်ကြီးက သွတ်သွင်းပေးလိုက်သော အမျိုးသားစိတ်ဓာတ် အမှတ်သညာ လွတ်ထွက်ပျောက်ပျက်သွားချိန်များ ရှိခဲ့သည်ကို ဝန်ခံပါသည်။ မည်သို့ ဆိုစေ

ပဲခူးမြို့ ပြန်ရောက်၍ ကျောင်းတော်ကြီးကိုမြင်တွေ့လိုက်ရချိန်၊ ကျောင်းတော်ကြီးနှင့်ပတ်သက်သည့် သတင်းစကား တစ်ခုခု ကြားသိဖတ်ရှုရချိန်များ တွင်ကား အမျိုးသားစိတ်ဓာတ်သည် တဖိတ်ဖိတ် ပြန်လက်လာဘိ သကဲ့သို့ ခံစားမိပါသည်။

ယင်းသို့ ခံစားလိုက်ရလျှင် ကျွန်တော့်အဖို့ အလိုလို အားတက်သွားမိပါသည်။ အမျိုးသား ကျောင်းသားဟောင်း တစ်ဦးအဖြစ် ဂုဏ်ယူစိတ်မှသည် တာဝန်ကျေပွန်လိုစိတ်သို့ တိုင် ကူးစက် သွားပါသည်။ သမိုင်းထွန်းပြောင်သော ကျောင်းတော်ကြီး၏ အစဉ်အဆက်အောင်မြင်မှု များ အတွက် ကိုယ်ကချည်း ဂုဏ်ယူဝင့်ကြွားနေရုံဖြင့် မပြီးသေး။ ကိုယ့်အတွက်လည်း ကျောင်းတော်ကြီးက တစ်ဖန်ပြန်လည်ဂုဏ်ယူနိုင်အောင် အမျိုးသားရေးတာဝန် ကျေပွန်ဖို့လိုပါသေးကလား။ သို့မှသာ အမျိုးသားကျောင်းတော်ကြီး၏ ကျေးဇူးကို ဆပ်ရာရောက်မည် မဟုတ်ပါလားဟု သတိတရား ရမိပါသည်။